ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ စနေနေ့ (31-3-2012) (၇၀၈၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေပြဋ္ဌာန်း

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိဒါန်း

နိုင်ငံတော်ကာကွယ်ရေးအတွက် သက်စွန့်တာဝန်ထမ်းဆောင်ရန် တပ်မတော်သို့ ဝင်ရောက်၍ စစ်မှုထမ်းဆောင်ခဲ့ကြပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မသန်မစွမ်းဖြစ်သွားသူ** ဆိုသည်မှာ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သည့် အကြောင်းတစ်ခုခုကြောင့် ကိုယ်၊ စိတ် အင်္ဂါအစိတ်အပိုင်း၊ တစ်ခုခုချို့ယွင်းသွားသော သို့မဟုတ် စစ်မှုထမ်းဆောင်ခြင်းကြောင့် ပိုမိုဆိုးရွားလာသည်ဟု အကြောင်းပြ၍ရသည့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ခ) **သေဆုံးသူ** ဆိုသည်မှာ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သည့် အကြောင်းတစ်ခုခုကြောင့် သေဆုံးသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ဂ) **ကျဆုံးသူ** ဆိုသည်မှာ တိုက်ပွဲကြောင့် ကျဆုံးသော တပ်မတော်သား တစ်ဦးဦးကို ဆိုသည်။

(ဃ) **တန်းပြည့်စစ်မှုထမ်းချိန်** ဆိုသည်မှာ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးနှင့် သက်ဆိုင်စေရာ၌ အောက်ပါအတိုင်း ထိုသူပါဝင်ဆောင်ရွက်နေသည့်အချိန်ကို ဆိုလိုသည်-

(၁) ရန်သူနှင့် ပြိုင်ဆိုင်တိုက်ပွဲဆင်နွှဲနေသော တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသည့်အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန် သို့တည်းမဟုတ်၊

(၂) ရန်သူက လုံးဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း သိမ်းပိုက်ထားသော တိုင်းပြည်တစ်ပြည်၌ ဖြစ်စေ၊ နေရာတစ်ခု၌ ဖြစ်စေ၊ တိုက်ပွဲဆင်နွှဲနေသည့်အချိန် သို့တည်းမဟုတ် ယင်းကဲ့သို့သော တိုင်းပြည်တစ်ပြည်သို့ ဖြစ်စေ၊ နေရာတစ်ခုသို့ ဖြစ်စေ စစ်ချီတက်ရာ၌ပါဝင်သည့်အချိန် သို့တည်းမဟုတ်၊

(၃) နိုင်ငံခြား နိုင်ငံတစ်ခုကို သိမ်းပိုက်ထားသောတပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသည့်အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန်။

(င) **ထောက်ပံ့စောင့်ရှောက်မှု** ဆိုသည်မှာ မသန်မစွမ်းဖြစ်သွားသူကို သော်လည်းကောင်း၊ သေဆုံးသူ သို့မဟုတ် ကျဆုံးသူ၏ မှတ်တမ်းဝင် အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးကို သော်လည်းကောင်း နိုင်ငံတော်က စီစဉ်ပေးသောနေရာရှိ ခြံမြေနှင့်နေထိုင်ရန်အိမ် သို့မဟုတ် တိုက်ခန်းကို ဆိုသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပူးပေါင်းတိုက်ဖျက်ရေးဆွေးနွေး

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စု မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စု မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. Mgeladze လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုထိန်းချုပ်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြော်ငြာအချပ်ပို ပါရှိ	ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ကြေးမုံ စာတည်းရှေ့ထောင့် ၃၁-၃-၂၀၁၂[စနေနေ့]။

မသုံးတတ်လျှင်ရန်သူ

လူတို့နေထိုင်ရာ မြေကမ္ဘာတွင် ငြိမ်းချမ်းခြင်း၊ သာယာခြင်း၊ ဖွံ့ဖြိုးခြင်းများဖြစ်ထွန်းစေရန် အားထုတ်နေကြရသည်။ မငြိမ်းချမ်းသော ကမ္ဘာ၊ တည်ငြိမ်မှုကင်းသောဒေသသည် ဖွံ့ဖြိုးမှုများ ဆိတ်သုဉ်းနိုင်သည်။ ထို့ကြောင့်ပင် လူသားအများတို့က လူတို့ပယောဂကြောင့် ဖြစ်ပေါ်လာသမျှ အနိဋ္ဌာရုံများ လျော့နည်းပပျောက်လာစေရန် လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

လူမှုပတ်ဝန်းကျင်သာယာချမ်းမြေ့မှုကို ထိခိုက်စေသည့် အကြောင်းတရားများတွင် သဘာဝဘေးအန္တရာယ်များ၏ ရိုက်ခတ်မှုသည် ထိပ်ဆုံးက ပါဝင်သည်။ လေပြင်းမုန်တိုင်း၊ ရေလွှမ်းမိုးမှု၊ ငလျင်လှုပ်မှု၊ ရေကြီးရေလွှမ်းမိုးမှု၊ မီးလောင်ကျွမ်းမှု စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာသည့်အခါ ပြည်သူအများ အသက်အိုးအိမ်၊ စည်းစိမ်များစွာ ထိခိုက်ပျက်စီးဆုံးရှုံးကြရသည်။ သဘာဝဘေးအန္တရာယ်သည် အချိန်အခါ ရာသီမရွေး ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ကာကွယ်တားဆီး၍ မရနိုင်သော်လည်း ထိခိုက်ပျက်စီးသေကျေဆုံးရှုံးမှု နည်းပါးစေရန်မူ အကာအကွယ်များ ပြုလုပ်နိုင်သမျှ ပြုလုပ်ထားကြရပေမည်။

ယခုအချိန်အခါသည် တန်ခူး၊ ကဆုန် ဆွေ့ဆွေ့ခုန်အောင် အပူရှိန်ပြင်းထန်လျက်ရှိရာ အန္တရာယ်ကြီးမားသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပို၍ ပို၍ လုပ်ဆောင်နိုင်ကြရန် လိုအပ်နေပြီဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ လူနေအိမ်ခြေများ ထူထပ်သိပ်သည်းလာပြီး စက်ရုံ၊ အလုပ်ရုံများ တိုးတက်များပြားလာလျက်ရှိရာ မီးလောင်မှုဖြစ်ပွားလျှင် ငွေကြေးပမာဏ သန်းနှင့်ချီ၍ ဆုံးရှုံးကြရသည်။ လူနေအိမ်ခြေအဆောက်အအုံများ ဆုံးရှုံးမှုသာမက သေကျေပျက်စီးမှုများပင် ကြုံတွေ့ကြရသည်။ နှစ်ဆန်းပိုင်းမှစ၍ မီးလောင်မှုသတင်းများ တွေ့နေရသည်။ လျှပ်စစ်ကြောင့်လောင်သောမီး၊ ပေါ့ဆမီး၊ မီးဖိုမီး၊ မသမာသူရှို့မီး စသည်တို့တွေ့ရသော်လည်း ပေါ့ဆမီးကြောင့် မီးလောင်မှုသည် အများဆုံးဖြစ်သည်။

မကြာသေးမီက သီလဝါဆိပ်ကမ်း၌ဖြစ်ပွားသည့် မီးလောင်မှုသည် မြက်တော၊ ကိုင်းတောအတွင်း စည်းကမ်းမဲ့ ဆေးလိပ်သောက်စွန့်ပစ်မှုမှ လောင်ကျွမ်းကြောင်းသိရသည်။ သစ်လုံးများ မီးလောင်သဖြင့် ဒေါ်လာသန်းနှင့်ချီ၍ ဆုံးရှုံးခဲ့သည်။ အလားတူ မော်တော်ယာဉ်ဂက်စ်ထည့်စဉ် ဆေးလိပ်သောက်မှု၊ ညဘက်ဆီဖြည့်စဉ် ဖယောင်းတိုင်မီးသုံးမှု၊ ခြင်ဆေးခွေ၊ မီးဖိုမီးကြွင်းမီးကျန်များ မငြိမ်းသတ်ဘဲ အိပ်ပျော်မှု၊ မီးအားမြှင့်စက်တင်ထားရာ အပူလွန်ပြီး မီးလောင်မှု စသည် စသည် ပေါ့ပေါ့ဆဆ လုပ်ဆောင်မှုများကြောင့် မီးလောင်မှုများဖြစ်ပွားကြရသည်။

နှစ်စဉ်မီးလောင်မှုအကြိမ် တိုးလာရုံသာမက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် မီးလောင်မှုများ ဖြစ်ပေါ်နေကြောင်း တွေ့မြင်ရသည်။ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးလာမှုနှင့်အတူ အထပ်မြင့်အဆောက်အအုံများ၊ ခေတ်မီဈေးကြီးများ၊ အရောင်းခန်းမကြီးများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယန္တရားများ၊ လောင်စာဆီနှင့် ဓာတုပစ္စည်းသိုလှောင်ရုံများ ပိုမိုဆောက်လုပ် အသုံးပြုလျက်ရှိရာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကို အထူးအလေးထားဆောင်ရွက်ကြရပေမည်။

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းသည် ပြည်သူအားလုံးနှင့် သက်ဆိုင်သည်။ မြို့ပြရပ်ကွက်ကျေးလက် ပြည်သူများ၊ ဈေးသူ၊ ဈေးသားများအပိုင်းက သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။ မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောရုံ၊ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာန၊ ဈေးများ၌ ဇာတ်တိုက်လေ့ကျင့်ရုံဖြင့် မလုံလောက်ပါ။ ပြည်သူ ပြည်သားအားလုံးက မိမိတို့၏ နေအိမ်၊ ရုံးအဆောက်အအုံ၊ ဈေးများ၌ လျှပ်စစ်မီးပျက်သည့်အခါ မိန်းခလုတ်များ၊ မီးအားမြှင့်စက်၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုများကို လုံးဝပိတ်ထားကြရပါမည်။ မီးသည် မသုံးတတ်လျှင် ရန်သူဖြစ်သွားနိုင်သဖြင့် ရာသီဥတုပူပြင်းချိန်တွင် နေ့ညချိန်ခါမရွေး သတိနှင့်ယှဉ်၍ မီးဘေးကာကွယ်ရေးစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန် တိုက်တွန်းပါသည်။ ။

အမျိုးသားပညာရေးကော်မတီအစည်းအဝေး (၁/၂၀၁၂)ကျင်းပ

နေပြည်တော် မတ် ၃၀

အမျိုးသားပညာရေးကော်မတီအစည်းအဝေး(၁/၂၀၁၂)ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အမျိုးသားပညာရေး ကော်မတီကို ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးကော်မတီအနေဖြင့် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ပညာရေးဆိုင်ရာမူဝါဒလမ်းညွှန်မှာကြားချက်(၁၀)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားပညာရေးကော်မတီ၏ အထောက်အကူပြုအဖွဲ့များဖြစ်သော တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ၊ တက္ကသိုလ်များဗဟိုကောင်စီတို့ကိုလည်း

ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အသိပညာမြင့်မားရေးနှင့် အတတ်ပညာများဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့် ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင် ထောက်ပံ့ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။**(အပေါ်ပုံ)**

ထို့နောက် အမျိုးသားပညာရေးကော်မတီဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တင်သွင်းထားသည့် အမှာစာများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အပြီးသတ်ဆုံးဖြတ်ချက်များချမှတ်ခြင်း

နေပြည်တော် မတ် ၃၀

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော ခုံရုံးသည် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းလာသည့် တင်သွင်းလွှာအမှတ်(၁/၂၀၁၂)နှင့် တင်သွင်းလွှာ အမှတ်(၂/၂၀၁၂) တို့ကို ၂၀၁၂ ခုနှစ်၊ မတ် ၂၈ ရက် နံနက် ၁၀ နာရီ၌ ရုံးခန်းအမှတ်(၁)တွင် ရုံးထိုင်၍ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းဆုံးဖြတ်ချက်များမှာ တင်သွင်းလွှာအမှတ် (၁/၂၀၁၂)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင်(သို့မဟုတ်) ပုဂ္ဂိုလ်များဆိုသည်မှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီး ခန့်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင် (သို့မဟုတ်) ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ လွှတ်တော်အသီးသီးမှ ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် လွှတ်တော်အဖွဲ့အစည်းများဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်း အဓိပ္ပာယ် ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် တင်သွင်းလွှာအမှတ် (၂/၂၀၁၂)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများကို ခန့်အပ်တာဝန်ပေးရာ၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ်သတ်မှတ်၍ အမိန့်ထုတ်ပြန် ခန့်အပ်တာဝန်ပေးခြင်း ဖြစ်သောကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည့် ခုံရုံး၏ ၁၄-၁၂-၂၀၁၁ ရက်နေ့ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေအရ အပြီးအပြတ် အတည်ဖြစ်သည့် ဆုံးဖြတ်ချက်ဖြစ်သဖြင့် တင်သွင်းလွှာကို တင်သွင်းခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရသည်။

(သတင်းစဉ်)

ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် အများစုမှာ သင်တန်းတက်ရောက်ခြင်းမရှိသူများဟုဆို

ရန်ကုန် မတ် ၃၀

ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် ယာဉ်မောင်းအများစုမှာ မထသ(ဗဟို) မှ ပြုလုပ်သည့် သင်တန်းများတက်ရောက်ထားသူများမဟုတ်ကြသည်ကို တွေ့ရှိရကြောင်း မထသ(ဗဟို)မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ ဘတ်စ်မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းရေးနှင့်ဆက်ဆံရေး ကောင်းမွန်စေရန် ပညာပေးအစီအစဉ်များကို တစ်လလျှင် နှစ်ကြိမ်ပြုလုပ်လျက်ရှိသည်။ လွန်ခဲ့သော မတ် ၁၁ ရက်က ပြုလုပ်သည့် ယာဉ်လုပ်သားများအတွက် တနင်္ဂနွေ အခြေခံသင်တန်းတွင် ယာဉ်လုပ်သား ၈၆ ဦးကို မထသ(ဗဟို)မှ တာဝန်ရှိသူများ အပြင် ပြင်ပမှဆွေးနွေးသူအဖြစ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယရဲမှူးကြီး(ငြိမ်း) ဦးအောင်နိုင်လည်း ပါဝင်ဆွေးနွေးခြင်းဖြင့် ယာဉ်လုပ်သားများ၏ တိုးတက်မှုရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မတ် ၂၃ရက်တွင် ယာဉ်လုပ်သားများအတွက် မွမ်းမံသင်တန်းကို ဟောပြောဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ယာဉ်မတော်တဆ ဖြစ်ပွားမှုတွေကို လေ့လာကြည့်တဲ့အခါ ဒီမှာသင်တန်းမတက်ရသေးတဲ့ ယာဉ်မောင်းတွေအများဆုံး ပါဝင်နေတာကိုတွေ့ရလို့ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်ပြီး အသိပညာတွေကို ယာဉ်လုပ်သားတိုင်းအတွက် လွှမ်းခြုံနိုင်စေဖို့ သင်တန်းတွေ ပေးနေတာ ဖြစ်ပါတယ်"ဟု မထသ(ဗဟို) မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

(၆၈၀)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၄၉၉	၀. ၀၃၂၄၁
တရုတ် (ယွမ်)	၆. ၂၉၈၂၀	၀. ၁၅၈၇၈
အိန္ဒိယ (ရူပီး)	၅၀. ၈၇၆၂	၀. ၀၁၉၆၆
မလေးရှား (ရင်းဂစ်)	၃. ၀၆၇၂၁	၀. ၃၂၆၀၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၈၁၃	၀. ၇၉၄၈၃
ဂျပန် (ယန်း)	၈၂. ၃၈၁၉	၀. ၀၁၂၁၄
တောင်ကိုရီးယား(ဝမ်)	၁၁၃၂. ၉၀	၀. ၀၀၀၈၈
ယူရို	၀. ၇၄၉၆၈	၁. ၃၃၃၉၀
ဗြိတိသျှ (ပေါင်)	၀. ၆၂၄၉၂	၁. ၆၀၀၂၁

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၁-၃-၂၀၁၂(စနေနေ့)

- ၇း၀၅ တရားတော်
- ၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်လေတံခွန် (ရဲအောင်၊ ဟိန်းဝေယံ၊ မေသန်းနု၊ စိုးပြည့်သဇင်နှင့် သရုပ်ဆောင်များ) -ဒါရိုက်တာ-နေမင်းမြတ်**
- ၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၁၂)**
- ၄း၁၅ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၃၀ ကုန်သွယ်သုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူရဲကောင်းလေးကျွန်မချစ်သူ (အပိုင်း-၇)**
  - -အင်္ဂလိပ်စာသုတ
  - -လူရွှင်တော်စတား
  - **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်"(အပိုင်း-၇)**
  - **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရုဏ်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၁၄)**

အခြေခံမီးသတ်သရုပ်ပြပွဲ ကျင်းပ

နေပြည်တော် မတ် ၃၀

အခြေခံမီးသတ်သရုပ်ပြပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် ကယားပြည်နယ် ဖရူဆိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစောဟူးဟူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးမှူးက မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)

ငါးထပ်ကြီးဘုရား၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့၏ စီစဉ်မှုဖြင့် တတိယအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းကို ဘုရားကြီးရင်ပြင်တော်ရှိ ရွှေဟောင်းဒေါ်သော့ တန်ဆောင်းကြီး၌ ဧပြီ ၂၅ ရက်မှ မေ ၄ ရက်အထိ နံနက် ၈ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချပေးမည် ဖြစ်ရာ အဆိုပါသင်တန်းသို့ အသက်ကိုးနှစ်မှ ၁၅ နှစ်အရွယ် ကလေးသူငယ်များ တက်ရောက်နိုင်ပြီး ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၅၄၂၁၇၇ သို့ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

○ ရှေ့ဖုံးမှ

(စ) **အခွင့်ရအာဏာပိုင်** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသည့် အရာရှိကြီးတစ်ဦးဦးကို ဆိုသည်။

(ဆ) **ကျေနပ်လောက်အောင်တာဝန်ထမ်းဆောင်မှု** ဆိုသည်မှာ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးသည် ၎င်း၏အကျင့်စာရိတ္တမှတ်တမ်းတွင် တစ်ဆက်တည်း စစ်မှုထမ်းသက် သုံးနှစ်အတွင်း စစ်တရားရုံး တစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခံရခြင်း မရှိသည်အထိ တာဝန်ထမ်းဆောင်ခဲ့မှုကို ဆိုသည်။

အခန်း(၂)

မသန်မစွမ်းသူများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် မသန်မစွမ်းဖြစ်သွားသူအား ဆေးခုံအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးပြီး မသန်မစွမ်းမှုရာခိုင်နှုန်းကို သတ်မှတ်ရမည်။

၄။ မသန်မစွမ်းဖြစ်သွားသူတစ်ဦးသည် မသန်မစွမ်းမှုရာခိုင်နှုန်း ၆၀ နှင့်အထက် သတ်မှတ်ခံရပြီး တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့်အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။

အခန်း(၃)

သေဆုံးသူ သို့မဟုတ် ကျဆုံးသူများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၅။ သေဆုံးသူ သို့မဟုတ် ကျဆုံးသူတစ်ဦးသည် တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့်အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ယင်း၏ မှတ်တမ်းဝင်အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးသည် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။

အခန်း(၄)

ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်မရှိခြင်း

၆။ (က) ပုဒ်မ ၄ အရ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်ငါးနှစ်နှင့်အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်မရှိစေရ၊

(ခ) ပုဒ်မ ၅ အရ ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်သုံးနှစ်နှင့်အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်မရှိစေရ။

၇။ ဤဥပဒေပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ ပါ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် မြန်မာနိုင်ငံသားအဖြစ်မှ နိုင်ငံခြားသားအဖြစ်သို့ ကူးပြောင်းခဲ့လျှင် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်မရှိစေရ။

အခန်း(၅)

အထွေထွေ

၈။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဤဥပဒေအရ ခံစားခွင့်ရှိသူများ၊ ထောက်ပံ့စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှုထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၁-၃-၂၀၁၂ (စနေနေ့)

- ၇း၀၀ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၈း၀၅ "သုတရောင်စုံပန်းခင်း"
- ၈း၂၅ "သူငယ်ချင်းမရှိတဲ့ဥပဒေ"
- ၈း၄၀ International News
- ၁၁း၁၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၄း၁၅ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့်မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ပူးပေါင်းတင်ဆက်မှုအစီအစဉ် (အပိုင်း-၁)
- ၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
- ၅း၀၅ International Science News
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၂၅)
- ၇း၄၅ "ဂန္ထဝင်စံထားသံလွင်တံတား (မော်လမြိုင်)မှသည် ရာမညသားအိပ်မက်များနိုးထနိုင်ပြီ"
- ၈း၀၀ ပြည်တွင်းသတင်း -လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် -"ဒီမိုမွေးနေ့" (ရှက်တယ်၊နိုင်လူ၊ဝါးခယ်မရဲမောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး) -ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၁၀၃)
- **-နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၂၇) (ဇာတ်သိမ်း)**

တရုတ်ကွမ်ရှီးထွက်ကုန်ပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ မြန်မာ-တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်နိုင်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တရုတ်ကွမ်ရှီး ထွက်ကုန်ပစ္စည်းပြပွဲ ၂၀၁၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃၀

တရုတ်ကွမ်ရှီး ထွက်ကုန်ပစ္စည်းပြပွဲ ၂၀၁၂ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Yang Daoxi၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ကွမ်ရှီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် တရုတ်ကွမ်ရှီးကုန်စည်ပြပွဲ ပထမအကြိမ် ကျင်းပနိုင်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၌ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ရုံသာမက မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ယခင်နှစ်ပေါင်းများစွာက စတင်ခဲ့ပြီး ယခုဆိုလျှင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါကြောင်း၊ ယခုကုန်စည်ပြပွဲမှ အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများ ဖော်ထုတ်ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်ကစပြီး အကောင်အထည်ဖော်နိုင်ခြင်းကြောင့် အကျိုးဆက်အဖြစ် နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်လာခဲ့ပါကြောင်း၊ နှစ်နိုင်ငံ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခြင်း၏ အသီးအပွင့်အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလကုန်အထိ နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး ယခင်ကာလကထက် ကုန်သွယ်မှုသိသိသာသာ တိုးတက်လာခဲ့ပါကြောင်း၊ အနာဂတ်စီးပွားရေးအခွင့်အလမ်းများအတွက် တစ်နိုင်ငံချင်းစီ၏ ဈေးကွက်နှင့် ကုန်စည်များကို သိရှိနားလည်စေရေး အားထုတ်ကြိုးပမ်းသွားရန် တိုက်တွန်းလိုပါကြောင်း။

ယခုအချိန်သည် မြန်မာနိုင်ငံ၌ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ရန် အကောင်းဆုံးအချိန်ရောက်ရှိနေပြီ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကုန်စည်များကို ကြည့်ရှုလေ့လာကြသည်။

ယခုကုန်စည်ပြပွဲတွင် ကွမ်ရှီးထုတ်ကုန်များဖြစ်သည့် အသေးစားနှင့် အလတ်စား ထုတ်ကုန်များ၊ မော်တော်ယာဉ်များ၊ စက်ပစ္စည်းအမျိုးမျိုး၊ သတ္တုတူးဖော်ရေးဆိုင်ရာများ၊ ဘိလပ်မြေဖျော်စက်ပါယာဉ်များ၊ ရိုးရာလက်မှုထည်များ စသည်ဖြင့် အမျိုးပေါင်း ၁၀၀၀ ကျော်ကို ပြသထားပြီး ပြပွဲကို ဧပြီ ၂ ရက်အထိ ပြသသွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Yang Daoxi နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် Chatrium ဟိုတယ် ပဲခူးခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ပြုလုပ်ရေးအလားအလာနှင့် အခွင့်အလမ်းများကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ကွမ်ရှီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ကွမ်ရှီးပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Yang Daoxi၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အကြံပေးပုဂ္ဂိုလ် ဒေါ်မြသူဇာနှင့် တရုတ်နိုင်ငံမှ Mr. Liu Shusen တို့က ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကို လက်မှတ်ရေးထိုးကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ လုပ်ငန်းရှင် ၂၀၀ ကျော် တက်ရောက်ကြပြီး ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံမှ လုပ်ငန်းရှင်များသည် အသေးစိတ်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါကစ္စတန်အနောက်မြောက်ပိုင်းကို အမေရိကန်လေကြောင်းမှတိုက်ခိုက် လေးဦးထက်မနည်းသေဆုံး

အစ္စလာမ္မာဘတ် မတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုများနေထိုင်ရာ ဝါဇီရစ္စတန်ဒေသတွင် အမေရိကန်တို့က ကုလသမဂ္ဂခွင့်ပြုချက်မရဘဲ မောင်းသူမဲ့လေယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူလေးဦးထက်မနည်း သေဆုံးကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ဒုံးကျည်လေးစင်းပစ်

မတ်၃၀ရက်နံနက်စောစောပိုင်းကမြောက်ဝါဇီရစ္စတန်ဒေသ၏ အဓိကကျသော မီရန်ရှတ်မြို့ ဈေးအတွင်းရှိ နေအိမ်တစ်လုံးကို ပစ်မှတ်ထားကာ အမေရိကန်လေယာဉ်က တိုက်ခိုက်ခဲ့ကြောင်း၊ ဒုံးကျည်လေးစင်းဖြင့်ပစ်ခတ်ခြင်းကြောင့် လူလေးဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာက ပြောကြားသည်။

မှန်ကန်ကြောင်းအတည်ပြု

အမေရိကန်တို့က မောင်းသူမဲ့လေယာဉ်များ အသုံးပြုကာ ပါကစ္စတန်၊ ယီမင်နှင့် ဆိုမာလီအပါအဝင် နိုင်ငံအချို့ကို တိုက်ခိုက်လေ့ရှိသည်။ ယင်းအချက်မှန်ကန်ကြောင်း အမေရိကန်သမ္မတ ဘာရတ်အိုဘားမားက ဇန်နဝါရီ ၃၁ ရက်က အတည်ပြု ပြောကြားခဲ့သည်။

အမေရိကန်တို့က စစ်သွေးကြွများအား ပစ်မှတ်ထားကာ ယင်းသို့တိုက်ခိုက်နေသော်လည်း အသေအပျောက်အများဆုံးမှာ အရပ်သားများသာဖြစ်ကြောင်း လေ့လာချက်များတွင် ဖော်ပြထားသည်။

အင်တာနက်။

တင့်ကားများနှင့် ဆော်ဒီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆော်ဒီလက်နက်အရှုပ်တော်ပုံ ဆွီဒင်ကာကွယ်ရေးဝန်ကြီး နုတ်ထွက်

စတော့ဟုမ်း မတ် ၃၀

ဆွီဒင်နိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံ၏ လက်နက်စက်ရုံတည်ဆောက်ခြင်းကို ကူညီရန် စီစဉ်ခဲ့မှုနှင့်စပ်လျဉ်း၍ ရက်သတ္တပတ်ပေါင်းများစွာ အရှုပ်အထွေးပေါ်ပေါက်လာခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီး စတင်းတူးဖော်သည် ကြာသပတေးနေ့၌ ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ပရက်ဒရစ်ရိန်းဖက်က ကြေညာခဲ့သည်။

တူးဖော်သည် လွန်ခဲ့သည့်လများကတည်းက မကြာမီ ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်ဟု ဝန်ကြီးချုပ်က အလေးအနက်ပြောသည်။ သို့သော် မီဒီယာများကိုမူ ရာထူး၌ ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်ဟု အသိပေးထားသည်။

ပူးတွဲတာဝန်

အဆိုပါပြဿနာအား စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ တူးဖော်သည် ပါလီမန်အမတ်အဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးက ကာကွယ်ရေးဝန်ကြီးအဖြစ် ပူးတွဲတာဝန်ယူမည်ဖြစ်ကြောင်း ရိမ်းဖက်က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ တင့်ကားဖျက်လက်နက်များ ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရေးကို ကူညီရန် ဆွီဒင်ကာကွယ်ရေး သုတေသနအေဂျင်စီ(အက်ဖ်အိုအိုင်)က ၂၀၀၇ ခုနှစ်ကတည်းက လျှို့ဝှက်စီစဉ်ခဲ့ကြောင်း ဆွီဒင်ရေဒီယိုက ယခုလစောစောပိုင်း၌ သတင်းထုတ်လွှင့်ခဲ့သည်။

ကုမ္ပဏီထူထောင်

ဆော်ဒီအာရေဗျနိုင်ငံနှင့် ဆက်ဆံရာတွင် အက်ဖ်အိုအိုင်နှင့် လည်းကောင်း၊ အစိုးရအဖွဲ့နှင့် လည်းကောင်း တိုက်ရိုက်ဆက်သွယ်မှုကို ရှောင်ရှားနိုင်ရေးအတွက် အက်စ်အက်စ်တီအိုင်ဟု ခေါ်သည့် လက်နက်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုထူထောင်ခြင်းသည်လည်း ဆိုင်မွန်ဟုအမည်ပေးထားသော စီမံကိန်းတွင် ပါဝင်ကြောင်း ရေဒီယိုက ကြေညာခဲ့သည်။

အက်ဖ်အိုအိုင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး ဂျန်အိုလော့ဖလင်းက ဌာနတွင်း စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် ရာဇဝတ်မှုဟု သံသယရှိကြောင်း အစီရင်ခံခဲ့သည်ဟုဆိုသည်။

အဆိုပါအရေးကိစ္စအားဆွီဒင်အစိုးရရှေ့နေ အက်နက်တာဟေးဒင်းအိုဗာစတိုးယင်းက ကနဦးစုံစမ်းစစ်ဆေးမှု စတင်နေပြီဖြစ်သည်။ **အင်တာနက်။**

အိုစမာဘင်လာဒင်အရေးတွင် စီအိုင်အေကိုကူညီသော ပါကစ္စတန်ဆရာဝန် ရာထူးမှထုတ်ပယ်ခံရ

အစ္စလာမ္မာဘတ် မတ် ၃၀

အိုစမာဘင်လာဒင်ကို ကူညီရှာဖွေပေးရေးအတွက် စီအိုင်အေ၏ သိမ်းသွင်းခြင်းခံခဲ့ရသော အစိုးရခွဲစိတ်ဆရာဝန်ကို ပါကစ္စတန်အစိုးရက ကြာသပတေးနေ့က ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းဆရာဝန်သည် နိုင်ငံတော်သစ္စာဖောက်မှုစွပ်စွဲချက်များကိုလည်း ရင်ဆိုင်ရဦးမည်ဖြစ်သည်။

ခိုင်ဘာပက်တွန်ခွာပြည်နယ်တွင် လက်ရှိဖမ်းဆီးထိန်းသိမ်းခြင်းခံထားရဆဲဖြစ်သည့် ဒေါက်တာ ရှာကီးလ်အေဖရီဒီကို စည်းကမ်းပိုင်းဆိုင်ရာ ဖောက်ဖျက်မှု အခြေခံ၍ အစိုးရက ထုတ်ပယ်ပစ်ခဲ့သည်။

ယင်းပြည်နယ်တွင် လွန်ခဲ့သည့်မေလအတွင်း၌ အမေရိကန် အထူးတပ်ဖွဲ့က အိုစမာဘင်လာဒင်ကို လုပ်ကြံခဲ့သည်။

ခိုင်ဘာပက်တွန်ခွာပြည်နယ်အစိုးရက ဒေါက်တာ ရှာကီးလ်အေဖရီဒီအား ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်ဟု ပြည်နယ်ကျန်းမာရေး အတွင်းရေးမှူး အက်ရှ်ဖစ်ခန်က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

အဘော့တဘတ်မြို့တွင် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်နေထိုင်ကြောင်း အတည်ပြုနိုင်ရေးအတွက် စီအိုင်အေ၏ အတုအယောင် ကျောက်ဆေးထိုး အစီအစဉ်တွင် ပါဝင်ခဲ့ကြသူ ဆေးဝန်ထမ်း ၁၇ဦးကိုလည်း ၎င်းတို့၏ အစိုးရဝန်ထမ်းရာထူးများမှ ထုတ်ပယ်ခဲ့ပြီးဖြစ်ကြောင်း ခန်က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ဥပဒေကင်းမဲ့သောခိုင်ဘာဒေသတွင်အစိုးရခွဲစိတ်ဆရာဝန်တစ်ဦးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော အေဖရီဒီကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ရုံးတင်စစ်ဆေးရန် ဘင်လာဒင်သေဆုံးမှုကို စုံစမ်းစစ်ဆေးသည့်အဖွဲ့က ထောက်ခံချက်ပေးခဲ့သည်။

အေဖရီဒီသည် အဘော့တဘတ်မြို့၌ အိုစမာဘင်လာဒင် ရှိနေသည်ကို သိရှိထားပြီး ယင်းသတင်းကို စီအိုင်အေသို့ပေးအပ်ခဲ့သည်ဟု ပါကစ္စတန်တာဝန်ရှိသူများက ယုံကြည်ခဲ့သည်။

အင်တာနက်။

ခွဲစိတ်ဆရာဝန် ရှာကီးလ်အေဖရီဒီ။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် မုန်တိုင်းဝင်ရောက်၊ သုံးဦးသေဆုံး

မနီလာ မတ် ၃၀

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသတွင် လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးကာ လူသုံးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက မတ် ၂၉ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဆီပိုကော့တ်မြို့ ကာတန်ဒူရာနီးစ်ကမ်းလွန်ပင်လယ်ပြင်အနီးတွင် နေထိုင်သူ ငါးဖမ်းသမားတစ်ဦး၊ ၎င်း၏ဇနီးနှင့် ခြောက်နှစ်ရွယ်သားငယ်တို့ ရေနစ်သေဆုံးရကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါဒေသတွင် လွန်ခဲ့သည့်သုံးရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ကြောင်း၊ တိုလိုဆာမြို့ရှိ ငါးဖမ်းသမားတစ်ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကျွန်းများတွင် ပြန့်ကျဲစွာနေထိုင်သူ လူ ၂၀၀ခန့်အား ၎င်းတို့နေအိမ်များကိုစွန့်ခွာ၍ ရေလွတ်ရာ ကုန်းမြင့်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း မနီလာမြို့ရှိ အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကောင်စီက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် တောင်တရုတ်ပင်လယ်ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသဌာနက ထုတ်လွှင့်သည်။ ဖိလစ်ပိုင်နိုင်ငံရှိ ကျွန်းများသို့ တိုင်ဖွန်းမုန်တိုင်းနှင့် လေပြင်းမုန်တိုင်းတို့သည် နှစ်စဉ် အကြိမ် ၂၀ခန့်ဝင်ရောက်လေ့ ရှိသည်ဟု ဆိုသည်။

အင်တာနက်။

တာလီဘန်စစ်သွေးကြွဟု ယူဆရသူတစ်ဦး၏ လက်ချက်ကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

ခို့စ်(အာဖဂန်နစ္စတန်) မတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ် ရက်ယာခီးလ်ခရိုင်တွင် မတ် ၃၀ ရက် နံနက်ပိုင်းက တာလီဘန်စစ်သွေးကြွဟု သံသယရှိခြင်းခံရသူတစ်ဦးက ထိုးဖောက်ဝင်ရောက်တိုက်ခိုက်သဖြင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်ကိုးဦးသေဆုံးကြောင်း ပြည်နယ်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

သေဆုံးသွားသောရဲတပ်ဖွဲ့ဝင်အားလုံးမှာ နယ်မြေခံရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တာလီဘန်စစ်သွေးကြွဟု သံသယရှိခြင်းခံရသူမှာ ရဲတပ်ဖွဲ့ဝင်တစ်ဦးပင်ဖြစ်ကြောင်း၊ ၎င်းအားဖမ်းဆီးထားကြောင်း၊ နောက်ထပ် သံသယရှိခံရသူနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ဖြစ်ပျက်မှုနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ထိုစဉ်အတွင်းဖြစ်ပွားရသည့် အကြောင်းရင်းကို ရှာဖွေစုံစမ်းလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ။**

အင်ဒို၌ လယ်ယာမြေများချဲ့ထွင်ခြင်းကြောင့် အော်ရန်ဂူတန်များ ပျောက်ကွယ်တော့မည်

ဂျကာတာ မတ် ၃၀

အင်ဒိုနီးရှားတောတွင်းတစ်နေရာ၌ မိခင် အော်ရန်ဂူတန်နှင့် ရင်သွေးငယ် အော်ရန်ဂူတန်တို့ကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ၌ လယ်ယာမြေများ တိုးချဲ့ခြင်းကို ရပ်ဆိုင်းခြင်းမပြုလျှင် ယခုနှစ်ကုန်ခန့်တွင် နိုင်ငံအတွင်း အကာအကွယ်ပေးထားသောဒေသများမှ မျိုးသုဉ်းလုနီးပါးဖြစ်သည့် အော်ရန်ဂူတန်များ ပျောက်ကွယ်သွားတော့မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်စုပေါင်းအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် သတိပေးလိုက်သည်။

တောင်းဆို

အာချေးပြည်နယ် ထဆိုင်ပါစိမ့်မြေဒေသမှသစ်တောဧက ၃၂၀၀၀ကို ခုတ်ထွင်ရှင်းလင်းခြင်းအား အစိုးရအဖွဲ့က ချက်ချင်းရပ်ဆိုင်းပေးရန် ဂရင်းပိ(စ်)နှင့် ကမ္ဘာမြေကြီး၏ မိတ်ဆွေများအဖွဲ့တို့ပါဝင်သော သဘာဝပတ်ဝန်းကျင်အုပ်စုက တောင်းဆိုထားသည်။

ဆီအုန်းစိုက်ပျိုးသော ကုမ္ပဏီများက စိုက်ပျိုးမြေဖော်ထုတ်ရာတွင် မီးရှို့ခြင်းကို စုံစမ်းစစ်ဆေးရန်လည်းကောင်း၊ ဂေဟစနစ်ကာကွယ်စောင့်ရှောက်ရေးဥပဒေများကို လိုက်နာစေရန်လည်းကောင်း အရေးယူဆောင်ရွက်ပါရန် အစိုးရအား ၎င်းတို့က တောင်းဆိုကြသည်။

ဤသို့သာ ဆက်လက်တောမီးရှို့နေမည်ဆိုလျှင် စိမ့်မြေများမှ ခန့်မှန်းခြေ အော်ရန်ဂူတန်ကောင်ရေ ၂၀၀ ခန့်မှာ သုံးလအတွင်း ပျောက်ကွယ်သွားတော့မည်ဖြစ်ကြောင်း ထရိုင်ပါစိမ့်မြေကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အော်ရန်ဂူတန်မျိုးနွယ်နှစ်စုမှ ကောင်ရေ ၅၀၀၀၀မှ ၆၀၀၀၀ တို့သည် ကမ္ဘာပေါ်၌ ကျန်ရှိနေသေးကြောင်း၊ ၎င်းတို့အနက် ၈၀ ရာခိုင်နှုန်းသည် အင်ဒိုနီးရှား၌ ရှိ၍ ကျန် ၂၀ ရာခိုင်နှုန်းမှာ မလေးရှား၌ ရှိသည်ဟု ကျွမ်းကျင်သူများက ယုံကြည်ကြသည်။ **အင်တာနက်။**

ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးလှမင်းအား ရုရှားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၃၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးလှမင်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စု မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P.Ivanov ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မူးယစ်ဆေးဝါး ပပျောက်မှုနှိမ်နင်းရေးနှင့်ပတ်သက်သည့် တပ်မတော်၏အခန်းကဏ္ဍနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Yangon Lifestyle Furniture Fair 2012 ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ကျင်းပသည့် Yangon Lifestyle Furniture Fair 2012 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါပြပွဲကို ဧပြီ ၃ ရက်အထိ ၅ ရက်ကြာ ပြသသွားမည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ ရွှေယမုံကုမ္ပဏီ၏ ကားအရောင်းပြခန်းဖွင့်ပွဲနှင့် အမှတ်(၉၀-အေ) အင်းလျားလမ်းရှိ Zar and Diamond Gems and Jewellary ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၂) ကျင်းပစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့
ဧပြီလ(၇)ရက်နေ့
သက်ကြီးသူတို့ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့

World Health Day 2012
7 April
Ageing and Health
“Good health adds life to years”

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ကုမ္ပဏီမှ ဧည့်အဖွဲ့တွေ့

နေပြည်တော် မတ် ၃၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Non-Ferrous Metals Group Co.,Ltd., Assistant General Manager, Mr. Luo Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် သတ္တုသယံဇာတများ ရှာဖွေရေး၊ ကြေးနီ၊ ခဲ၊ သွပ်၊ ခနောက်စိမ်း၊ ခဲမဖြူ အဖြိုက်နက် တူးဖော်ထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(ဓါတ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ Yangon Lifestyle Furniture Fair 2012 ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၂) ကျင်းပ

နေပြည်တော် မတ် ၃၀

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၂)ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၂၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) တင်သွင်းခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်းနှင့် အတည်ပြုခြင်း၊ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း) တင်သွင်းခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ရေဆက်သွယ်ကစားလိုသူများ ခွင့်ပြုမိန့်လျှောက်ထားနိုင်

ရန်ကုန် မတ် ၃၀

မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့်ကန်တော်ကြီးကန်တို့မှ ရေကို ဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စိစစ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၁ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ခွင့်ပြုမိန့်လျှောက်ထားကြရမည် ဖြစ်သည်။

ယာယီရေဆက်သွယ်ခွင့်လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်) တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရုံးခန်း၌ အခမဲ့ထုတ်ယူနိုင်ပြီး လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများနှင့်မြို့နယ် (ရေ/သန့်) တာဝန်ခံတို့၏မှတ်ချက်နှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေဆက်သွယ်သူများ လိုက်နာရန် စည်းကမ်းချက်များနှင့်အညီ ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင်ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေပိုက်ကို ဆက်သွယ်၍ ရေကစားခြင်းမပြုရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်းလုံးဝ (လုံးဝ)မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၃၀

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Forest Services တို့ ပူးပေါင်းကျင်းပသော သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း (နေပြည်တော်)၌ကျင်းပရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် တက်ရောက်အမှာစကားပြောကြားပြီး**(အောက်ပုံ)** သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့အောက်ရှိ ဦးစီးအရာရှိနှင့် တောအုပ်ကြီးအဆင့် သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

(31-3)05.pmd 1 3/31/2012, 4:11 AM

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၃၀

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန စုဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းအသီးသီးအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုပါကြောင်း၊ လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် ရည်မှန်းချက်လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်၏ အား၊ ဌာန၏အားများကို ရယူကာ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် အတွေ့အကြုံများကို သင်ခန်းစာယူကာ ဌာန၊ ဝန်ထမ်း၊ ပြည်သူများနှင့် ပေါင်းစပ်ဆောင်ရွက် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအတွက် သကြ်န်ဝတ်စုံများနှင့် နှစ်သစ်ကူးအကြို ပံ့ပိုးချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁၂ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာန စုဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သမဝါယမလုပ်ငန်းသည် ကျေးလက်နေပြည်သူများ၏လူနေမှုဘဝတိုးတက်ရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးတို့အတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေတိုးတက်လာသည်နှင့်အမျှ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးတို့ကိုပါ အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်းအင်အားဖြင့် ငွေကျပ် ၁၄၅ ဒသမ ၆၄ ဘီလီယံ၊ UNDP နှင့် ပူးပေါင်း၍ ငွေကျပ် ၆၀ ဒသမ ၃၅၅ ဘီလီယံတို့ကို သမဝါယမအသင်းအစုအဖွဲ့များသို့ မတည်ထုတ်ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် သမဝါယမဒီဂရီကောလိပ်(သန်လျင်)နှင့် သမဝါယမကောလိပ်(စစ်ကိုင်း)တို့ကို သမဝါယမတက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်နေဆဲဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအတွက် ပံ့ပိုးချီးမြှင့်ငွေများ၊ ဝန်ထမ်းဝတ်စုံနှင့် သကြ်န်ယိမ်းအဖွဲ့အတွက် ဝတ်စုံများကို အသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများသို့ ဒုတိယအကြိမ် အသေးစားချေးငွေများထုတ်ပေး

နေပြည်တော် မတ် ၃၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ A. C . E ဆောက်လုပ်ရေးကုမ္ပဏီ၏ ငွေကြေးပံ့ပိုးမှု၊ ညောင်ဦးမြို့နယ်သမဝါယမဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ညောင်ဦးခရိုင်အတွင်းရှိ မြင်းကပါကျေးရွာ၊ ဇီးအိုကျေးရွာ၊ သီရိပစ္စယာကျေးရွာနှင့် ပုလင်းကျေးရွာများသို့ ဒုတိယအကြိမ် အသေးစားချေးငွေများ ထုတ်ပေးခြင်းကို မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ပုဂံမြို့ ဧရာဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်အမှာစကားပြောကြားပြီး ပုဂံဗူးဘုရားညစျေးတန်းဆိုင်ခန်းများ သပ်ရပ်သန့်ရှင်းရေး၊ စနစ်တကျ ခင်းကျင်းရောင်းချရေး၊ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကိုလည်း မှာကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် သမဝါယမဝန်ကြီးဌာန၏ အကူအညီဖြင့် ယခုကဲ့သို့ အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ပေးခြင်းမှာ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပုဂံညောင်ဦးဒေသ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ အခမ်းအနားတွင် ပထမအကြိမ်အသေးစားချေးငွေထုတ်ပေးခြင်းမှ တိုးပွားလာသောငွေများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီး ဒုတိယအကြိမ် ချေးငွေများကို ကျေးရွာအလိုက် ထုတ်ပေးခဲ့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများသို့ ဒုတိယအကြိမ် အသေးစားချေးငွေများ ထုတ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၃၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန သဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်းတာဝန်ခံ အထူးအရာရှိက သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြပြီး ကျောက်မဲခရိုင်နှင့် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း(နေပြည်တော်) အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၂)ဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၃၀

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (နေပြည်တော်) ၏ အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း တက်ရောက်အမှာစကားပြောကြားရာ၌ **(အပေါ်ပုံ)** ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများ၊ အတွေ့အကြုံများကို လေ့လာဆည်းပူးနိုင်ရန်နှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာရပ်များကို ဖြန့်ဝေပေးနိုင်ရန် ဘဏ်များကြီးကြပ်ရေး ကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်းက အထွေထွေဘဏ် လုပ်ငန်းသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်ပဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ပိုင်းက အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံတိုးချဲ့ ဆောင်ရွက်သင့်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းဖြင့်ပြောကြားပြီး သင်တန်း၌ ထူးချွန်စွာအောင်မြင်သော သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိ

ရန်ကုန် မတ် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်း(၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်တွင် ကျင်းပသော အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၂)၏ ဆုံးဖြတ်ချက်အရ ပြည်တွင်းပြည်ပအသေးစားငွေရေးကြေးရေး အဖွဲ့အစည်း (၁၆)ခုအား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည့် အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်းတစ်ခု၊ NGO အဖွဲ့အစည်းတစ်ခု၊ သမဝါယမအဖွဲ့အစည်းသုံးခုနှင့် ကုမ္ပဏီလီမိတက် (၁၁)ခုတို့ဖြစ်ပြီး လိုင်စင်လျှောက်ထားဆဲ အဖွဲ့အစည်းများကိုလည်းစိစစ်ပြီး လိုင်စင်အမြန် ထုတ်ပေးရန်ဆောင်ရွက်လျက်သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသော အဖွဲ့အစည်းများအား အသေးစားငွေရေးကြေးရေးလုပ်ငန်းလိုင်စင်လျှောက်ထားပါက လွယ်ကူလျင်မြန်စွာ ရရှိရေးအတွက် သက်ဆိုင်ရာကော်မတီများက အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

သို့ဖြစ်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများနှင့်လည်းကောင်း၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးလုပ်ငန်းနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၊ သီလရှင်ဆေးရုံကြီးကြပ်ရေးအမျိုးသမီးအဖွဲ့က သီလရှင်ဆေးရုံပြင်ဆင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၇၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

အသင်းအဖွဲ့ကိစ္စများနှင့် ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

အသင်းအဖွဲ့ကိစ္စရပ်များနှင့် ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၄ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယထပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ကုမ္ပဏီများနှင့် အသင်းအဖွဲ့များ မှတ်ပုံတင်ရေးကိစ္စ၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီများဖွဲ့စည်းရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာ အမိန့်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ ပေးဝေလျက်ရှိသည့် ဆည်တမံများ

ကျောက်တော်မြို့နယ်ရှိ စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသော ဇီးချောင်းရေလှောင်တမံကို တွေ့ရစဉ်။ (အပေါ်ဆုံးပုံ)

သီးနှံဧရိယာဧက(၅၀၀၀)ကျော်ကို စိုက်ပျိုးရေပေးဝေနေသော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ပြိုင်းချောင်း ရေလှောင်တမံကို သာယာလှပစွာ တွေ့ရစဉ်။ (အပေါ်ပုံ)

ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် တည်ဆောက်ပေးထားသည့် ဟင်းရွက်ရေလှောင်တမံကို တွေ့ရစဉ်။ (ဝဲပုံ)

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အကျိုးပြုလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။ (အောက်ပုံ)

သတင်းမှတ်စု - မောင်ငြိမ်းအေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကြီးအုံကြီး၀ရေလှောင်တမံဘက်စုံစီမံကိန်းရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

❖ ကြီးအုံကြီး၀မှ

ရေအားလျှပ်စစ် (၇၄)မဂ္ဂါဝပ်ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုအထိ ထပ်မံဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များချမှတ်ရာတွင် နိုင်ငံတော်၏ စုစုပေါင်းလူဦးရေ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေတောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးမှုအတွက် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေ အလုံအလောက်ရရှိရေးသည် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဤအချက်ကို အလေးထားပြီး ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးပြီး ယင်းမှ ရရှိသောရေများဖြင့် လယ်မြေဧက သိန်းပေါင်းများစွာ အကျိုးပြုနိုင်အောင် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

ထို့အတွက်ကြောင့် သဘာဝက ပေးလာသော မိုးရေနှင့် မြစ်ချောင်းများမှရရှိသောရေချိုများ ပင်လယ်ထဲသို့ အလဟဿစီးဝင်နေမည့်အစား ယခုကဲ့သို့ တာတမံကြီးများ တည်ဆောက်သိုလှောင်ထားခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် လိုအပ်သော အချိန်လိုသလို အကျိုးရှိစွာ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

မိမိတို့၏ မြန်မာနိုင်ငံကိုကျော်လွန်ပြီး ကမ္ဘာ့အခြေအနေကို ပြန်ကြည့်လျှင် လက်ရှိကမ္ဘာ့လူဦးရေမှာ သန်းပေါင်း(၇) ထောင်ကျော်ရှိနေပြီ ဖြစ်ပါကြောင်း၊ နေ့စဉ်နှင့်အမျှ တိုးပွားနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်နေသော်လည်း မရှိမဖြစ် ရေအရင်းအမြစ်ရရှိမှုမှာ ရာသီဥတုဖောက်ပြန်မှုနှင့်အတူ လူအများ၏ မဆင်မခြင်သုံးဖြုန်းမှု အပါအဝင်တို့ကြောင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ယခုအခါ ရေရှားပါးမှုနှင့် ရင်ဆိုင်နေရပြီဟု သိရှိရပါကြောင်း။

လာမည့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသုံးပုံနှစ်ပုံသည် သောက်သုံးရေရှားပါးမှုအန္တရာယ်နှင့် ကြုံတွေ့ရဖွယ်ရှိသည်ဟု ရေအရင်းအမြစ်ပညာရှင်များက ကြိုတင်တွက်ချက်သုံးသပ်ထားပြီးဖြစ်သည်ကို သိရှိစေလိုပါကြောင်း၊ ရေကို အလဟဿဖြုန်းတီးနိုင်သော ကာလ ကျော်လွန်ခဲ့ပြီဖြစ်ပြီး ရှိသည့်ရေကို အကျိုးရှိစွာ စီမံအသုံးချကြရမည့် ကာလသို့ရောက်ရှိနေပြီဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှားရပ်ဝန်းဒေသ တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ တချို့သော အရပ်ဒေသများ၌ သောက်သုံးရေရှားပါးလွန်းလှသည့်အတွက် "ရွှေမလို ငွေမလို ရေကိုသာ လိုသည်" ဆိုပြီး တင်စားခေါ်ဆိုကြသည်အထိ သောက်သုံးရေအခက်အခဲရှိနေကြပါကြောင်း။

ထိုသို့ ရေရှားပါးခက်ခဲမှုဒဏ်ကြောင့် မိမိ၏အသက်မွေးဝမ်းကျောင်း လယ်ယာ၊ ခြံ၊ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှာ တိုးတက်အောင် မဆောင်ရွက်နိုင်ခြင်း၊ ကျန်းမာရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်နိုင်မှု နည်းပါးပြီး ရောဂါဘယထူပြောစေခြင်း စသော လူမှုစီးပွားဘဝနောက်ကျခဲ့ရခြင်းများသည်လည်း ရေရှားပါးမှုအခြေခံကြောင့်ပဲဖြစ်နေပါကြောင်း။

ကမ္ဘာနှင့်အဝှမ်း တစ်စတစ်စ ရှားပါးလာသောရေကို မိမိတို့နိုင်ငံ၌ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ယခုကဲ့သို့ ရေလှောင်တမံ တည်ဆောက်စုဆောင်းထားပေးခြင်းဖြစ်သည့်အတွက် ရေကို အကျိုးရှိရှိ အသုံးချတတ်အောင် ကြိုးစားသွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။

တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးတွင် မိုးစပါးအပြင် နွေစပါးပါ စိုက်ပျိုးနိုင်အောင် လက်ရှိသမားရိုးကျ မိရိုးဖလာစိုက်ပျိုးနည်း လက်မှုလယ်ယာစနစ်မှ သိပ္ပံနည်းကျ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်အောင် ယခင် ပုံမှန်ထွက်နှုန်း လယ်တစ်ဧက တင်း ၅၀၊ ၆၀ မှ အနည်းဆုံး နှစ်ဆ၊ သုံးဆကျော် ထွက်ရှိနိုင်အောင် လေ့လာကြပြီး လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့်အတူ တခြားသီးနှံများကိုလည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးလိုသောစိတ်ဓာတ်ထားရှိသွားကြရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

မကြာခင် ဖွင့်လှစ်တော့မည့် ကြီးအုံကြီး၀ရေလှောင်တမံမှ စုဆောင်းထားသော ရေများသည် ဒေသခံတောင်သူလယ်သမားများ၊ ပြည်သူလူထုများအတွက်-

- သောက်သုံးရေ၊ စိုက်ပျိုးရေများကို လိုအပ်သလို လိုအပ်သော အချိန်၌ ရရှိနိုင်စေခြင်း၊
- ရာသီမရွေးသီးနှံအမျိုးမျိုး စိုက်ပျိုးနိုင်စေခြင်း၊
- ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုနိုင်စေခြင်း၊
- ပခုက္ကူဒေသတွင် ယမန်နှစ်က ဖြစ်ပွားခဲ့သော ရေဘေးအန္တရာယ်မျိုးကို ကာကွယ်မှုပေးနိုင်စေခြင်းနှင့်
- မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အထောက်အကူပြုခြင်း စသော အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် ဤရေလှောင်တမံမှ ထွက်ရှိလာမည့် ရေအားလျှပ်စစ်သည်လည်း ဤဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသော လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းကို တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲသွားစေမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်သည့်အတွက် ဒေသအကျိုး၊ တိုင်းပြည်အကျိုးဖွံ့ဖြိုးစေမည့် စီမံကိန်းကြီးဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်မှ ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးထားသော ရေလှောင်တမံလျှပ်စစ်ဓာတ်အားထုတ် လုပ်ငန်းကို ရေရှည်အကျိုးရှိစွာ အသုံးပြုသွားနိုင်ရန် တာဝန်ရှိကြသူများနှင့် ဒေသခံပြည်သူပြည်သားများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းပြောကြားလိုပါကြောင်း။

ဤကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းကြီး အောင်မြင်အောင် အဘက်ဘက်မှ ကြိုးကြပ်စီမံအကောင်အထည်ဖော်ပေးကြသော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးမှ အာဏာပိုင်အဖွဲ့အစည်းများ၊ တည်ဆောက်ရေးပညာရှင်များနှင့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နိုင်ငံသားများကိုယ်စားဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်းမှ ဆည်ရေများကြောင့် ဒေသနေပြည်သူလူထု တစ်ရပ်လုံး

- မိမိတို့၏ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုများ ယခင်ကထက် တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ပိုမိုကြီးပွားတိုးတက်ကြပါစေ၊
- "ရွှေငွေမလို ရေသာလိုသည့်ဘဝ" မှ ရေလဲရ၊ ရွှေတွဲလဲ၊ ငွေတွဲလဲ ဘဝရရှိနိုင်ကြပါစေ၊
- ရေကုသိုလ်ကြောင့် ရေအကျိုးဆယ်ပါးကိုလည်း တစ်လုံးတစ်ခဲနှင့် ရယူနိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးမြင့်ကိုကို၊ လားရှိုးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေ၊ ကွမ်းလုံခရိုင်နှင့် လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို တင်ပြကြပြီး ရွေးကောက်ပွဲဝင်ရောက်ကြမည့် နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ဤဆည်တာတမံဘက်စုံစီမံကိန်းကြီးသည် အစိုးရသစ်ကာလအတွင်း သုံးခုမြောက် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့် စီမံကိန်းလုပ်ငန်းကြီး ဖြစ်ပါကြောင်း။

ဤဘက်စုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း တည်ဆောက်ရေးကာလ ကိုးနှစ်ကြာအတွင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဤကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းသည် မဲဇလီရေလွှဲဆည်မှ တစ်ဆင့် မြေဧရိယာဧက ၉၆၀၀၀ ကျော်ကို လုံလောက်စွာ ဆည်ရေဖြည့် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး၊ ပွင့်ဖြူနှင့် စလင်းမြို့နယ်များမှ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ ကျေးရွာပေါင်း ၁၈၁ ရွာနှင့် တောင်သူဦးရေပေါင်း ၂၉၉၉၂ တို့၏ လယ်မြေများတွင် မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြီးမားစွာ အထောက်အကူပြု ဖြစ်ထွန်းခံစားရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် အကျိုးရရှိခံစားစေနိုင်တော့မည့် ဤရေလှောင်တမံ ဘက်စုံတည်ဆောက်ရေး စီမံကိန်းကြီးအား အမြော်အမြင် ကြီးမားလှစွာဖြင့် စတင်ချမှတ်ဆုံးဖြတ် အကောင်အထည်ဖော်ပေးခဲ့သော ယခင် အစိုးရကာလ နိုင်ငံ့ခေါင်းဆောင်များ၏ အမွေခံကောင်းအဖြစ် ထားရှိပေးခဲ့မှု၊ ကျေးဇူးတရားကြီးမှုအပေါ်တွင် မိမိတို့ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် ညီညွတ်စွာဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားအနေဖြင့်လည်းကောင်း၊ ဤအကျိုးကျေးဇူးကို လက်တွေ့တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခံစားရရှိနိုင်ကြမည့် နိုင်ငံသားအားလုံးတို့၏ကိုယ်စား အထူးလှိုက်လှဲစွာဖြင့် ကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သော တပ်ဆင်စက်အင်အား (၇၄)မဂ္ဂါဝပ်ရှိသည့် ကြီးအုံကြီး၀ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အစိုးရသစ်လက်ထက်တွင် ဒုတိယမြောက်ဖွင့်လှစ်သော ဓာတ်အားပေးစက်ရုံ ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း၌ စလင်းမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ပြီးနောက်ပိုင်း ဒုတိယမြောက်ဖွင့်လှစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံလည်း ဖြစ်ပါကြောင်း။

ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေအားလျှပ်စစ်ဆိုင်ရာ စက်မှုလျှပ်စစ်တပ်ဆင်ရေးလုပ်ငန်း၌ ပါဝင်ကူညီ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်မည့် ဓာတ်အားပေးစက်ရုံဖြစ်သည့်အတွက် စက်ရုံဖွင့်လှစ်ပြီးနောက်ပိုင်းတွင် စက်ရုံ၏ ဓာတ်အားထုတ်လုပ်မှု၊ ထိန်းသိမ်းမှု၊ စက်မောင်းနှင်မှုဆိုင်ရာကိစ္စရပ်များကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သော ကြီးအုံကြီး၀ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အပါအဝင် နိုင်ငံတော်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၈ ရုံ၊ တီကျစ်ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၃၄ ရုံ ရှိလာပြီဖြစ်ပြီး စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အား (၃၄၃၄)မဂ္ဂါဝပ် အထိ ရှိလာပြီဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော တပ်ဆင်စက်အင်အား (၆၀) မဂ္ဂါဝပ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည်လည်း မကြာမီ ဖွင့်လှစ်တော့မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယခင်က မကွေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ခဲ့သော ရေလှောင်တမံများသည် စိုက်ပျိုးရေပေးဝေရေးအတွက်သာ ဖြစ်ခဲ့ပြီး ယခုဖွင့်လှစ်သည့် ကြီးအုံကြီး၀ ရေလှောင်တမံနှင့် ၂၀၀၅ ခုနှစ်အတွင်းက ဖွင့်လှစ်ခဲ့သည့် စေတုတ္တရာမြို့နယ်မှ မုန်းတမံတို့သည် ရေအားလျှပ်စစ်ထုတ်လုပ်မှု ပါဝင်သည့်အတွက် ဘက်စုံရေလှောင်တမံအဖြစ် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း။

မကွေးတိုင်းဒေသကြီး၌ ထိန်းသိမ်းရေးဆည်/ကန်ပေါင်း ၅၇ ခု၊ ဆည်မြောင်းဌာနမှ မထိန်းသိမ်းရသေးသည့် ဆည်/ကန် သုံးခု၊ ဆည်ငယ်/ကန်ငယ် ၁၁၀၂ ခု၊ လျှပ်စစ်မြစ်ရေတင် ၃၀ ခုတို့နှင့် မိုးစပါးစိုက်ဧက သုံးသိန်းခြောက်သောင်းကျော်၊ နွေစပါးစိုက်ဧက တစ်သိန်းငါးသောင်းကျော်ကို စိုက်ပျိုးလျက် ရှိသကဲ့သို့ ရေသောက်ဧရိယာအတွင်း စပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် ယာမြေများအတွက်လည်း ဖြည့်စွက်ရေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်၏စေတနာဖြင့် တည်ဆောက်ပေးခဲ့သည့် ဆည်/ကန်များ၊ ဘက်စုံရေလှောင်တမံများ၏ အကျိုးကျေးဇူးကို ပြည်သူများ၊ တောင်သူလယ်သမားကြီးများက တိုက်ရိုက်သိရှိခံစားနေရပြီဖြစ်သကဲ့သို့ သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအထောက်အကူပြု အမွေအနှစ်များဖြစ်သည်နှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း ဒေသခံပြည်သူများတွင် တာဝန်ရှိသကဲ့သို့ တာဝန်လည်းခံပြီး ထိန်းသိမ်းသွားပါမည်ဟု တိုင်းဒေသကြီးမှ ပြည်သူများကိုယ်စား တင်ပြလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကြီးအုံကြီး၀ရေလှောင်တမံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ဦးအေးမြင့်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ကြီးအုံကြီး၀ရေလှောင်တမံကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဒေသခံများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ကြီးအုံကြီး၀ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးဇော်မင်း၊ ဦးခင်ရီနှင့် ဦးအေးမြင့်တို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် မ
ဦးဘုန်းမော်ရွှေတို့ ကြီးအုံကြီး၀ရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးဇော်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရေအားလျှပ်စစ်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်အမှတ်(၂)ကို စက်ခလုတ်နှိပ်မောင်းနှင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတအား ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စက်ရုံမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားပမာဏနှင့် စက်လည်ပတ်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်ရုံစီမံကိန်းတွင် ကိုယ်အားဉာဏ်အားဖြင့် အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်အဖြစ် သစ်သီးခြင်းများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆည်တော်ဦးစေတီတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရှုရပ်မှ ရေလှောင်တမံ

ဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ကြီးအုံကြီးဝရေလှောင်တမံကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဒေသခံများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးဇော်မင်း၊ ဦးခင်ရီနှင့် ဦးအေးမြင့်တို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊

...း ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ...းဝရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဦးဇော်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရေအားလျှပ်စစ်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်အမှတ်(၂)ကို စက်ခလုတ်နှိပ် မောင်းနှင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတအား ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စက်ရုံမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားပမာဏနှင့် စက်လည်ပတ်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်ရုံစီမံကိန်းတွင် ကိုယ်အားဉာဏ်အားဖြင့် အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်အဖြစ် သစ်သီးခြင်းများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆည်တော်ဦးစေတီတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရှုရပ်မှ ရေလှောင်တမံတည်ဆောက်ထားမှုကိုကြည့်ရှုပြီး ရေယူအဆောက်အအုံ (Power Intake) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ရွှေသံလွင်ကုမ္ပဏီမှ ဦးတင်လင်းပြည့်က ကြီးအုံကြီးဝ ဘက်စုံရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ Sky Net ရုပ်သံဖမ်းစက်(၆)စုံကို ပေးအပ်လှူဒါန်းရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြပြီး မကွေးလေဆိပ်မှ တစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏ အထက်(၅)မိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံ စီမံကိန်း၏ အောက်ဘက်(၁၅)မိုင်ခန့်အကွာရှိ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ရှိသည်။ မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သည့် ရေများနှင့် ရေလှောင်တမံနှစ်ခုအကြားမှ စီးဆင်းနေသည့်ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် (၇၄) မဂ္ဂါဝပ် ထပ်မံထုတ်လွှတ်နိုင်မည် ဖြစ်သည်။

သိုလှောင်ပြီးရေများကို ထိန်းညှိထုတ်လွှတ်ပေး၍ လက်ရှိတည်ဆောက်ပြီးဖြစ်သော မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၀၀၀ အား မိုးစပါးအတွက် ရေအလုံအလောက်ပေးဝေနိုင်တော့မည် ဖြစ်သည်။

ထို့အပြင် သီးထပ်အဖြစ် နွေစပါးဧက ၇၄၀၀၀ ဧကထက် ပိုမိုတိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ပြီး ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

ကန်ရေပြည့် ရေလှောင်ပမာဏ ၄၆၃၀၀၀ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၃၅၃၅၀ ဧကပေရှိပြီး ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာမှာ ၁၀၈၆၀ ဧကရှိသည့် ကြီးအုံကြီးဝရေလှောင်တမံသည် ဇုန်တမံအမျိုးအစားဖြစ်ကာ တမံအလျား ၃၂၈၀ ပေ၊ တမံအမြင့် ၁၆၄ ပေရှိသည်။

သံကူကွန်ကရစ် (Ogee Type) ရေပိုလွှဲအမျိုးအစားဖြစ်သည့် အဆိုပါရေလှောင်တမံသည် ၂၀၀၂-၂၀၀၃ ခုနှစ်မှ စီမံကိန်းစတင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စီမံကိန်း အကောင်အထည်ဖော်အောင်မြင်ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မကွေး ဆေးတက္ကသိုလ် စုဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သူနာပြုများ၊ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❏ ကျောဖုံးမှ

ရှေးဦးစွာ မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ်က မကွေးဆေးတက္ကသိုလ်၏ တည်နေရာနှင့် သမိုင်းအကျဉ်းချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားဦးရေနှင့် စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ မကွေးဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများအလိုက် တာဝန်ချထားပေးမှု၊ ကျောင်းသား ကျောင်းသူများအား ကြို/ပို့ယာဉ်များဖြင့် ပို့ဆောင်ပေးမှု၊ IT နည်းပညာသင်ကြားပေးနေမှု၊ ဆရာဝန်မှတ်ပုံတင်ထုတ်ပေးရေးမွမ်းမံသင်တန်းဖွင့်လှစ်မှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကို တင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လျာထားချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့ဝင်များ ယခုကဲ့သို့ လာရောက်ခြင်းသည် မကွေးဆေးတက္ကသိုလ်၏ တိုးတက်ဖြစ်ထွန်းမှုများ၊ စာသင်ကြားမှု အခြေအနေများနှင့် ဝန်ထမ်းများ၏ လုပ်ငန်းလုပ်ဆောင်နေမှုအခြေအနေများကို သိရှိနိုင်ရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မကွေးဆေးတက္ကသိုလ်သည် ၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သဖြင့် ယခုဆိုလျှင် တက္ကသိုလ်သက်တမ်း(၁၁) နှစ်ရှိပြီး နောက်ဆုံးဖွင့်လှစ်ခဲ့သည့် ဆေးတက္ကသိုလ်တစ်ခု ဖြစ်ကြောင်း၊ တက်ရောက် ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူဦးရေ ၂၃၀၀ ကျော်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လာရောက်ပညာသင်ကြားကြသူများဖြစ်၍ ပြည်ထောင်စုဆေးတက္ကသိုလ်တစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်ကြောင်း။

မကွေးဆေးတက္ကသိုလ်သို့ လာရောက်ပညာသင်ကြားကြသည့် မွန်၊ ပဲခူး၊ စစ်ကိုင်း၊ ကချင်၊ ရှမ်းအစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့ဒေသနှင့် နီးကပ်သော ဆေးတက္ကသိုလ်များ၌ မတက်ရောက်ရဘဲ မကွေးဆေးတက္ကသိုလ်သို့ လာရောက်ပညာသင်ကြားရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိဘများနှင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားရကျိုးနပ်စေရေး၊ ကျောင်းသူ ကျောင်းသားများ၏ လူမှုရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေး၊ ဤဆေးတက္ကသိုလ်တွင် ပညာသင်ကြားရခြင်းအတွက် ဂုဏ်ယူသည့် စိတ်ဓာတ်များဖြစ်ပေါ်လာစေရေးတို့အတွက် ဆရာ ဆရာမများက ကောင်းမွန်သော ပညာသင်ကြားမှုနည်းစနစ်များဖြင့် သင်ကြားပေးကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်သည့်အထောက်အကူပစ္စည်းများ ပိုမိုဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ အဆောင်နေခွင့်မရရှိသေးသော်လည်း မကွေးဆေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ သက်သောင့်သက်သာဖြင့် ပညာသင်ကြားခွင့်ရရှိစေရန် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို နည်းလမ်းကြံဆဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဤတက္ကသိုလ်၏ ထူးခြားကောင်းမွန်သည့် ဆွဲဆောင်မှုမျိုးဖြင့် တက္ကသိုလ်၏ ဂုဏ်သတင်းကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ နေပျော်သည့် ပတ်ဝန်းကျင်အဖြစ် ဖန်တီးပေးထားရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ လူမှုရေးလိုအပ်ချက်များကို တက္ကသိုလ်မှ တာဝန်ရှိသူများအပြင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါကြောင်း။

ကျောင်းသား ကျောင်းသူများအတွက် ပို့ကြိုဆောင်ရွက်ပေးနေသည့် မော်တော်ယာဉ်များကိုလည်း ယခုထက်ပို၍ သင့်တော်လုံခြုံစိတ်ချရသော ယာဉ်များဖြင့် ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများဖြင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း။

ဆေးတက္ကသိုလ်တစ်ခု၏ အောင်မြင်မှုသည် တက္ကသိုလ်ရှိ Facilities များ၊ စီမံအုပ်ချုပ်သော ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၏ ပညာအရည်အသွေးနှင့် စေတနာပေါ်တွင် များစွာတည်မှီနေသကဲ့သို့ ကျောင်းသားကျောင်းသူများ၏ ကြိုးစားသင်ယူမှု၊ လေ့လာအားထုတ်မှုများအပေါ်တွင်လည်း များစွာမူတည်နေကြောင်း၊ ဤအချက်များနှင့် ပြည့်စုံသည့် တက္ကသိုလ်များမှ မွေးထုတ်လိုက်သော ကျောင်းသားကျောင်းသူများသည် နောင်တစ်ချိန်တွင် တိုင်းပြည်၏ ကျန်းမာရေးကဏ္ဍတွင် အားကိုးအားထားပြုရမည့် ဆရာဝန်များဖြစ်လာမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် သာမန်သင်ကြားနည်းစနစ်များဖြင့် သင်ကြားပေးသည်ထက် ကျောင်းသား ကျောင်းသူများကိုယ်တိုင် ရှာဖွေလေ့လာသင်ယူတတ်သည့် အလေ့အကျင့်များ စွဲမြဲစေအောင် ပြုစုပျိုးထောင်ပေးမှသာ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အားထားရမည့် ပညာရှင်များဖြစ်လာမည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ်တွင် ရောက်ရှိလာမည့် အာဆီယံပေါင်းစည်းဒေသ ပေါ်ပေါက်လာချိန်တွင် အသက်မွေးဝမ်းကျောင်းပညာရှင်များ လွတ်လပ်စွာစီးဝင်လာမည်ဖြစ်၍ ပြင်ပနိုင်ငံမှ ပညာရှင်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် သင်ကြားလေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း၊ အခြားတိုင်းပြည်များက ဆေးရုံ၊ ဆေးတက္ကသိုလ်များလာရောက်ဖွင့်လှစ်ချိန်တွင် မိမိတို့ ကျောင်းသား ကျောင်းသူများသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆေးပညာရှင်များအဖြစ် အဆင်သင့်ဖြစ်နေစေရန် ကြိုတင်ပြင်ဆင်သင်ကြားမှုများဖြင့် သင်ကြားပေးသွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများအား ကိုယ့်အားကိုယ်ကိုးတတ်သည့်၊ အားကိုးနိုင်သည့် အမှန်တကယ် တတ်ကျွမ်းသော ဆရာဝန်ကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီမှ ဦးတင်လင်းပြည့်၊ Amazing Hotel Group မှ ဦးအောင်မျိုးမင်းဒင်နှင့် ချန်လုံကျောက်မျက်ကုမ္ပဏီမှ ဦးကျော်နိုင်တို့က ကွန်ပျူတာအလုံး ၅၀ ကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီ၏ Sky Net ရုပ်သံဖမ်းစက် ၁၀ စုံကိုလည်းကောင်း မကွေးဆေးတက္ကသိုလ်သို့ အသီးသီးပေးအပ်လှူဒါန်းကြရာ ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ခရီးစဉ်တွင် အတူလိုက်ပါလာကြသော ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မကွေးမြသလွန်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကန်တော့ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် စေတီတော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား စေတီတော်ဂေါပကအဖွဲ့ရုံး၌ မကွေးတိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအင်ဂျင်နီယာမှူးကြီး ဦးအုန်းလွင်က မဟာအတုလရံသီတန်ဆောင်း(အသစ်) တည်ဆောက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်ရှိ ပညာသင်ကျောင်းသားကျောင်းသူ ၁၉၈ ဦးအတွက် ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဇော်မင်း၊ ဦးခင်ရီနှင့် ဦးအေးမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးကျော်လွင်၊ ဦးအောင်သန်းဦး၊ ဦးဘရွှေနှင့် ဒေါက်တာဝင်းမြင့်၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေသံလွင်ကုမ္ပဏီ၊ Amazing Hotel Group၊ ချန်လုံကျောက်မျက်ကုမ္ပဏီတို့က ကျောင်းဝတ်စုံစရိတ်ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ပေးအပ်ကြရာ စစ်ဦးစီးမှူး(ပထမတန်း) (ဦး၊ ရေး၊ ထောက်)က လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၃-၂၀၁၂ (စနေနေ့)

၅း၄၀	"မင်္ဂလာရှိသောအိမ်" တရားတော် (ဆရာတော် ဒေါက်တာအရှင်သာမိန)
၃း၀၅	(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုများ
၄း၃၀	ရန်ကုန်မြင်ကွင်းကျယ် (NIEC Graduation Ceremony 2011/2012 Academic Year)
၅း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၃၀)**
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၃၈)**
၇း၁၀	"နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" Live Show (Part-6)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၁၅)**
၁၀း၅၀	Movie Talk (နှစ်သစ်တူပြိုင်ပိတောက်မြိုင်) (ဒါရိုက်တာကြည်စိုးထွန်း) (အပိုင်း-၁)
၁၂း၁၀	သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်)
၂း၀၀	သန့်ရှင်းကျန်းမာတစ်ရှူးကမ္ဘာ

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အထည်ချုပ်စက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၂၈ ရက် နံနက် ၇ နာရီခွဲတွင် ပုသိမ်မြို့ ပုသိမ်စက်မှုဇုန်၌ Delta Industrial Group က ဖွင့်လှစ်မည့် အထည်ချုပ်စက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက အထည်ချုပ်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Delta Industrial Group မှ ဒါရိုက်တာတစ်ဦးက အထည်ချုပ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆင့်မြင့်အထည်ချုပ်စက်ရုံကို ပုသိမ်မြို့၌ လာရောက်တည်ထောင်သည့်အတွက် ဝမ်းသာကြောင်း၊ ယခုစက်ရုံကို တည်ထောင်နိုင်ခြင်းသည် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရုံသာမက ဒေသအတွင်း လုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားပြီး သတ်မှတ်နေရာ၌ ပန္နက်တင်ပေးသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက်၌ ကျင်းပသည့် ကုသိနာရုံ GSM/UMTS မိုဘိုင်းတယ်လီဖုန်း ရေဒီယိုစခန်းသစ်ဖွင့်လှစ်ခြင်းနှင့် မိုဘိုင်းတယ်လီဖုန်းများကို ပြည်သူများဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် စတင်ဆောင်ရွက်ပေးသည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး GSM/ UMTS မိုဘိုင်းတယ်လီဖုန်း ရေဒီယိုစခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုသိနာရုံ GSM/ UMTS မိုဘိုင်းတယ်လီဖုန်း ရေဒီယိုစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ မိုဘိုင်းတယ်လီဖုန်းများ စတင်အသုံးပြုနိုင်ရန်အတွက် မိုဘိုင်းဖုန်းကတ်တစ်ခုကို Mini CSRအတွင်း ထည့်သွင်းဖွင့်လှစ်ပေးပြီး ရေဒီယိုစခန်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်)၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ

လက်ရှိချန်ပီယံ ရန်ကုန် ဂိုးပြတ်သွင်း

ရန်ကုန် မတ် ၃၀

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် (၁၂)ဒုတိယနေ့ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်က ချင်းယူနိုက်တက်ကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်ယူနိုက်တက်-ခြောက်ဂိုး

(ဗလာဒန်-သုံးဂိုး၊
ရန်အောင်ကျော်နှင့် ကောင်းစည်သူ၊
ချင်းမှ ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)

ချင်းယူနိုက်တက်-ဂိုးမရှိ

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်တို့ အများအယွင်းမရှိဘဲ ချင်းယူနိုက်တက်ကို ဂိုးပြတ်သွင်းကာ အမှတ်ပြည့်ရရှိခဲ့သည်။ ကြည်လင်း၊ ဒေးဗစ်ဒန်းနှင့် အောင်သိုက်တို့ကို ပွဲအစတွင် မသုံးဘဲ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ ကျော်ဇွန်းနှင့် ခင်မောင်လွင်တို့ကို အသုံးပြုခဲ့သည့် ရန်ကုန်အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ တိုက်စစ်ပိုင်းအဆုံးသတ် အားနည်းခဲ့၍ မိနစ် ၂၀မှ ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး ချင်းနောက်ခံလူ ဖြိုးကိုကိုသိန်းက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ရန်ကုန်ကစားပုံပိုကောင်းလာပြီး ဗလာဒန်က ၄၁၊ ၄၉၊ ၈၅ မိနစ်တို့တွင် တစ်ဦးတည်း သုံးဂိုး (ဟတ်ထရစ်) သွင်းယူခဲ့ပြီး ၃၆ မိနစ်တွင် ရန်အောင်ကျော်နှင့် ၈၇ မိနစ်တွင် ကောင်းစည်သူက ပယ်နယ်တီမှ တစ်ဆင့် အနိုင်ဂိုးများ သွင်းယူခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ယနေ့ပွဲ

(KBZကွင်း) ကမ္ဘောဇ-မနောမြေ
(မုံရွာကွင်း) ဇေယျာရွှေမြေ-ရက္ခပူရ

ရန်ကုန်အသင်းမှ ကောင်းစည်သူ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ချင်းနောက်ခံလူနှင့် ဂိုးသမားတို့တားဆီးနေစဉ်။

မြန်မာ့လက်ရွေးစင် အမျိုးသားတင်းနစ်အသင်း နိုင်ငံတကာပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် ဗီယက်နမ်သို့ ထွက်ခွာ

ရန်ကုန် မတ် ၃၀

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် အမျိုးသားတင်းနစ်အသင်း အောင်မြင်မှုရရှိစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံများရရှိစေရန် ရည်ရွယ်၍ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် အသင်းခေါင်းဆောင် မင်းမင်း၊ ငယ်နှောင်း၊ ဖြိုးမင်းသာနှင့် အောင်ကျော်နိုင်တို့ ပါဝင်သော မြန်မာ့လက်ရွေးစင် အမျိုးသားတင်းနစ်အသင်းသည် မတ် ၂၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။**(ဝဲပုံ)**

မြန်မာ့လက်ရွေးစင် အမျိုးသားတင်းနစ်အသင်းသည် ဧပြီ ၂ ရက်မှ ၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် ITF Future (F1) ပြိုင်ပွဲနှင့် ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ ဟိုချီမင်းမြို့၌ပင် ဆက်လက်ကျင်းပမည့် ITF Future (F2) ပြိုင်ပွဲများ၌ လည်းကောင်း၊ ဧပြီ ၁၆ ရက်မှ ၂၃ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် Davis Cup by Paribas Asia/ Oceania Zone Group(IV)ပြိုင်ပွဲများ၌ လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဆက်လက်၍ မေ ၇ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Thailand F1 Future ပြိုင်ပွဲ၊ မေ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် Thailand F2 Future ပြိုင်ပွဲနှင့် မေ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် Thailand F3 Futures ပြိုင်ပွဲ သုံးပွဲစလုံး၌လည်း ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့သို့ ကြိုတင်ရောက်ရှိနေသော မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (နည်းပြချုပ်) Mr. Robert Jesse Davis သည် မြန်မာ့လက်ရွေးစင် အမျိုးသားတင်းနစ်အသင်း နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KENBO Junior Golf Championship

ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte.,Ltd. နှင့် Aung Kenbo Trading Co.,Ltd. တို့က အဓိကကူညီပံ့ပိုးသည့် HAN Golf Masters Junior Golf Series, KENBO Junior Golf Championship ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာဂေါက်ကလပ် (၉မိုင်)၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Aung Kenbo Trading Co.,Ltd. အထွေထွေမန်နေဂျာ ဦးညီညီအောင်က အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၉၇ ချက်ဖြင့် စတုတ္ထ ပွင့်ဖူးနဒီခိုင်၊ စုစုပေါင်းရိုက်ချက် ၁၈၅ ချက်ဖြင့် တတိယ မြဖူးသွင်၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် ဒုတိယ ဝင့်ဖူးနဒီအောင်နှင့် စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် ပထမ ဖူးပွင့်ရတီခိုင်တို့အား လည်းကောင်း၊ (၁၀)နှစ်အောက် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၉၈ ချက်ဖြင့် တတိယ ကောင်းမြတ်ကျော်၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် ဒုတိယ ဖြိုးဇံနှင့် စုစုပေါင်းရိုက်ချက် ၁၇၇ ချက်ဖြင့် ပထမ သင်းဝေခိုင်တို့အား လည်းကောင်း၊ မြန်မာဂေါက်ကလပ်ဥက္ကဋ္ဌ ဦးစိုးဝင်းက (၁၁-၁၂)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၇ ချက်ဖြင့် တတိယ ရဲမင်းဦး၊ စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် ဒုတိယ ကောင်းထွဋ်အောင်နှင့် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမ ဟိန်းစည်သူတို့အား လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က (၁၃-၁၄)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၀ ချက်ဖြင့် တတိယ မင်းစစ်သွေး၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ဒုတိယ ပြည့်မင်းရှိန်နှင့် စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမ ဘုန်းပြည့်ချမ်းဟန်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၁၅-၂၀) နှစ်သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၅၂ ချက်ဖြင့် တတိယ အောင်မြင့်ထွေး၊ စုစုပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် ဒုတိယ ရဲထက်အောင်နှင့် စုစုပေါင်းရိုက်ချက် ၁၄၇ ချက်ဖြင့် ပထမ သီဟဋ္ဌေးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို HAN Golf Masters Pte.,Ltd.နှင့် Aung Kenbo Trading Co.,Ltd. တို့က အဓိကကူညီပံ့ပိုးပြီး Co-Sponsor အဖြစ် Imperial Jade Purified Drinking Water နှင့် မြန်မာဂေါက်ကလပ်တို့က ထပ်မံပံ့ပိုးကူညီကြသည်။

(ကြေးမုံ)

စတုတ္ထပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်အတူ ဆုရရှိသူများအား တွေ့ရစဉ်။

(အဖွဲ့ချုပ်)

မြန်မာ့ဘောလုံးတိုးတက်ရေး စည်းဝေး

တောင်ကြီး မတ် ၃၀

မြန်မာ့ဘောလုံးတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ရှိ KBZ Stadium ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လောက်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှ ယနေ့အထိ တိုးတက်ပြောင်းလဲမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး ပြည်နယ်ဘောလုံးအဖွဲ့ချုပ်မှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ရမည့် ဘောလုံးပြိုင်ပွဲများနှင့် သင်တန်းများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက မြန်မာ့ဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးမေးမြန်းရာ အတွင်းရေးမှူး ဦးတင်အောင်က ရှင်းလင်းပြောကြားခဲ့သည်။ (ဘောလုံးအဖွဲ့ချုပ်)

2012 IT & Mobile Expo ပြပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မတ် ၃၀

မွန်ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းနှင့် ပြည်နယ်ကွန်ပျူတာ လုပ်ငန်းရှင်အသင်းတို့က ကြီးမှူးကျင်းပသည့် 2012 IT & Mobile Expo ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် ပြည်နယ်ကွန်ပျူတာပညာရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်နယ်ကွန်ပျူတာ ပညာရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးသောင်းစုငြိမ်းတို့က ပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် Information matrix software Co.,Ltd. က ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက လက်ခံခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မတ် ၂၉ ရက် နံနက်ပိုင်းတွင် မုဒုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိသားစု၏ (၁၃)ကြိမ်မြောက် ရှင်သာမဏေနှင့် သီလရှင်ဝတ် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် မုဒုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ ဆရာမများနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဆေးပေးခန်း မရှိသေးသည့် ကျေးရွာများ၌ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်သွားရန်နှင့် ကျေးရွာတစ်ရွာလျှင် သားဖွား(သို့မဟုတ်) အရန်သားဖွားဆရာမ အနည်းဆုံးတစ်ဦးရှိရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်း၍ အခမဲ့ ကွင်းဆင်းကုသပေးခဲ့သော မျက်စိအတွင်းတိမ် ခွဲစိတ်ကုသလူနာများနှင့် ပျဉ်းမနား ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ မတ် ၂၁ ရက်က မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင် အသင်း(ဗဟို)မှ လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ဘဏ္ဍာရေးမှူး ဒေါ်ရီရီဝင်းမှ အလှူငွေကျပ် တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၁၁ သိန်း ပေးအပ်လှူဒါန်းစဉ်။

(၅၈၆)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် မတ် ၃၀

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ပခုက္ကူမြို့နယ် ကျပ်ပြည့်အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်များသို့ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမေက စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧပြီလအထူးထုတ် TV Guide အတွဲ (၃)၊ အမှတ် (၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၃၀

ဧပြီလအထူးထုတ် TV Guide စာစောင် အတွဲ(၃)၊ အမှတ် (၇)ကို ဧပြီလ တစ်လစာ အစီအစဉ်များဖြင့် မတ် ၃၁ ရက် (စနေနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ခံစားခြင်း၊ (Movie Review)ကဏ္ဍမှ ဩဂတ်စ်လင်း၏ Midnight in Paris ဇာတ်ကားနှင့် အော်စကာဆုများဆွတ်ခူးခဲ့သည့် The Help ဇာတ်ကား အပါအဝင် ရုပ်သံလိုင်းအားလုံး၏ ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ အစီအစဉ် အချိန်ဇယားများ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀ ၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-09-5080850, 391186၊ Market Care ဖုန်း-01-223973, 09-730730 29 သို့ မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒေါ်စိန်ရည် (၅၃)နှစ်

အမက၊ကျောင်းအုပ်ကြီး(ငြိမ်း)၊ စင်မကော်၊ ကျောက်တန်းမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ စင်မကော်ကျေးရွာနေ (ဦးသောင်းညွန့်)-ဒေါ်ခင်သန်းတို့၏သမီး၊ (ဦးသန်းချစ်-ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေတို့၏ညီမ၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ လမ်းသွယ်(၂၀)၊ အမှတ်(၉၉၉)နေ ဦးယဉ်ထွေး-ဒေါ်ခင်မာထွေး (ထက်ကောင်းကျော် ရွှေသတ္တုတွင်းတူးဖော်ရေးကုမ္ပဏီ)တို့၏အစ်မ၊ ဦးကြည်ဝင်း၏ဇနီး၊ ဗိုလ်ကြီးသန်းကိုကို(မချမ်းဘော)-မဟန်နီဝင်း၊ ဗိုလ်ကြီးဇင်သူ၊ မဖူးဖူးသက်ပန် (သစ်တော၊ တတိယနှစ်)တို့၏မိခင် ဒေါ်စိန်ရည်(အမက၊ကျောင်းအုပ်ကြီး-ငြိမ်း၊ စင်မကော်ကျေးရွာ၊ တံတားမြို့နယ်ခွဲ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)သည် ၃၀-၃-၂၀၁၂ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၂ ရက် မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့နေ ဦးယဉ်ထွေး-ဒေါ်ခင်မာထွေးတို့၏နေအိမ်မှ ရာဒါကောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၂(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်ရည် အသက်(၅၃)နှစ်

အမက၊ကျောင်းအုပ်ကြီး(ငြိမ်း)၊ စင်မကော်၊ ကျောက်တန်းမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ စင်မကော်ကျေးရွာနေ (ဦးသောင်းညွန့်)-ဒေါ်ခင်သန်းတို့၏သမီး၊ (ဦးသန်းချစ်-ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ ဦးကြည်ဝင်း၏ ဇနီး၊ ဗိုလ်ကြီးသန်းကိုကို(မချမ်းဘော)-မဟန်နီဝင်း၊ ဗိုလ်ကြီးဇင်သူ၊ မဖူးဖူးသက်ပန်(သစ်တော၊ တတိယနှစ်)တို့၏မိခင် ဒေါ်စိန်ရည် (အမက၊ကျောင်းအုပ်ကြီး-ငြိမ်း၊ စင်မကော်ကျေးရွာ၊ တံတားမြို့နယ်ခွဲ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)သည် ၃၀-၃-၂၀၁၂ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ
သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဒေါ်ဝါဝါမြင့် (၃၈)နှစ်

B.Sc(Chemistry)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းသွယ်၊ အမှတ်(၄၄)နေ ဦးတင်ဦး-[ဒေါ်တင်မြင့်(ထပ်ခနိမ် သနပ်ပင်မြို့နယ်)]တို့၏ သမီး၊ ဦးလှမြင့်(HM Group & Oo Family Co.,Ltd.)- ဒေါက်တာ ဒေါ်သန်းသန်းဦး၊ ဦးဇော်ဝင်း(ဘူမိဗေဒ၊ ၁၉၈၀)-ဒေါ်မေနွယ်စိုး၊ ဦးသက်လွင်၊ ဒေါ်စန်းစန်းအေး၊ ဦးအေးသိန်း(KAT Group Co.,Ltd.)-ဒေါ်ရီရီမြင့်၊ ဦးဝင်းနိုင်-ဒေါ်ချိုချိုလွင်၊ ဦးအောင်နိုင်ဦး-ဒေါ်စောကေသီ၊ ဦးဘုန်းဇော်၊ ဦးနိုင်အောင်မိုးတို့၏ညီမ၊ ဦးဇော်ဇော်အောင်-ဒေါ်နီလာ၊ ဦးအောင်နိုင်ဝင်း-ဒေါ်ဆောင်းကလျာတို့၏ အစ်မ၊ အမှတ်(၁၄)၊ (၈)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးရန်နိုင်မြင့်၏ဇနီး၊ မောင်ဉက္ကာမြင့်(G- 7-A)၊ မသုမွန်ဟန်[G-1 B ၊ အလက(၁)ဒဂုံ]တို့၏ မွေးသမိခင်၊ တူ၊ တူမ ၂၀ ယောက်တို့၏အဒေါ်သည် ၂၉-၃-၂၀၁၂ (ကြာသပတေးနေ့) နံနက် ဝ၀း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မဝါဝါမြင့် (၃၈)နှစ်

B.Sc(Chemistry)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၁၄)နေ ဦးမြင့်တင်-ဒေါ်ခင်စောတို့၏ သမီးချွေးမ၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ထပ်ခနိမ်ကျေးရွာနေ ဦးတင်ဦး-(ဒေါ်တင်မြင့်)တို့၏သမီး၊ ဦးရန်နိုင်မြင့်၏ဇနီး၊ မောင်ဉက္ကာမြင့်(G.7-A)၊ မသုမွန်ဟန်[G-1-B၊ အလက(၁)ဒဂုံ]တို့၏ မွေးသမိခင်သည် ၂၉-၃-၂၀၁၂ (ကြာသပတေးနေ့) နံနက် ဝ၀း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်သန်းရီ (၉၁)နှစ်

ကရင်ပြည်နယ်၊ ဝတ်ကြီးကျေးရွာနေ (ဦးချစ်ဖေ-ဒေါ်စိမ်းခို)တို့၏ သမီး၊ (ဦးတင်ရီ)၏ ဇနီး၊ မွန်ပြည်နယ်၊ မုတ္တမကျေးရွာ၊ ရွှေဘုန်းပွင့်တောင်တွင် သီတင်းသုံးနေသော ဆရာတော် ဦးစန္ဒောဘာသ (ခ) ဦးဇော်ဝင်းထွန်း(B.V.S, Ygn)၏ မယ်တော်ကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ ဗိုလ်ဥက္ကာလမ်း၊ အမှတ်(၁၆/၂၇၁)နေ ဦးထွန်းသိန်း(အထွေထွေမန်နေဂျာ၊ အပ်ချုပ်စက်စက်ရုံ၊ ကျောက်ဆည်၊ စက်မှုဝန်ကြီးဌာန)၊ (ဦးဝင်းတင့်)-ဒေါ်စန်းစန်းမော်တို့၏ မိခင်၊ မောင်ထွန်း ထွန်းဝင်း၊ မောင်ပြည့်ဖြိုးပိုင်၊ မဆုမြတ် ပြည့်တို့၏ အဘွားသည် ၂၉-၃-၂၀၁၂ (ကြာသပတေးနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၄-၄-၂၀၁၂(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီတွင် မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ ဗိုလ်ဥက္ကာလမ်း၊ အမှတ်(၁၆/၂၇၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်ဝမ်း(ဆင်ဖြူကျွန်း) အသက်(၇၈)နှစ်

အထကကျောင်းအုပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက်(၃၆၄)၊ အခန်း(၁၃)နေ (ဦးဖိုးသန်း-ဒေါ်စန်း)တို့၏သား၊ (ဦးအံ့-ဒေါ်မေမေလှ)တို့၏ သားသမက်၊ ဒေါ်မေမေနွဲ့၏ ခင်ပွန်း၊ (ကိုဝမ်းအောင်ဇင်)-ဒေါ်မေရီညွန့်၊ စင်ကာပူနိုင်ငံနေ ကိုဝမ်းအောင်ဇော်-ဒေါ်သီတာမြင့်၊ ကိုဝမ်းအောင်ဇံ-ဒေါ်ခိုင်ခိုင်တို့၏ဖခင်၊ မောင်မင်းထက်ဇော်၊ မောင်မင်းခန့်ဇော်တို့၏ အဘိုး ဦးတင်ဝမ်းသည် ၂၉-၃-၂၀၁၂ (ကြာသပတေးနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကြည်လှိုင် (၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၇)လမ်း၊ အမှတ်(၃)နေ (ဦးသိန်း-ဒေါ်သက်မြ)တို့၏ သား၊ (ဦးမောင်ကြိုင်)-ဒေါ်ရွှေကြည်တို့၏မောင်၊ ဦးတင်ထွန်း-ဒေါ်ညွန့်တင်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သီရိ(၆)လမ်း၊ အမှတ်(၄၈)နေ (ဒေါ်စန်းတင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ရဲအုပ်မြတိုး-(ဒေါ်ကျင်စန်း)၊ ဦးလှိုင်ထွန်း-ဒေါ်တင်စန်း၊ ဦးရဲထွန်း-ဒေါ်ငွေငွေဝင်း၊ ဦးရဲထွဋ်-ဒေါ်ဒေလီခင်၊ ဦးသန်းဦး-ဒေါ်တင်တင်ထွေး၊ ကိုဇေယျာ-မစန်းစန်းတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ ကိုနော်နော်-မဇာဇာမင်းတို့၏ ဘကြီး၊ မြေး ၁၂ ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၉-၃-၂၀၁၂ ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီ ထွက်ပါမည်။)ကျန်ရစ်သူမိသားစု

ဦးအောင်မော် (၄၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၂၇)လမ်း(အလယ်)၊ အမှတ်(၁၃၉)နေ ဦးစောလွင်-ဒေါ်ရီရီတို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၃)လမ်း၊ အမှတ်(၅၇)နေ (ဦးစိုးမြင့်)-ဒေါ်သန်းတင်တို့၏ သားသမက်၊ ဦးသန်းထွဋ် - ဒေါ်ယဉ်သီတာလတ်၊ ဒေါ်ရီရီလွင်(အမက-၁၈၊သာကေတ)၊ ဦးမင်းထွဋ်-ဒေါ်လဲ့လဲ့ခိုင်၊ ဒေါ်ကြည်ကြည်လွင်(Shwe FM Radio Station)၊ ဦးတင်ထွဋ်(ရွှေသံလွင်ကုမ္ပဏီ)-ဒေါ်ခင်သီတာငွေ၊ ဦးအောင်ဇော် (ရွှေသံလွင်ကုမ္ပဏီ)-ဒေါ်နီလာဝင်းတို့၏ ညီ/မောင်၊ ဒေါ်ဆွေဆွေလင်း(Shwe FM Radio Station)၏ ခင်ပွန်း၊ မောင်ဝင်းဘုန်းပြည့်(G-3၊အထက-၁၊လသာ)၏ ဖခင်သည် ၃၀-၃-၂၀၁၂ (သောကြာနေ့) နံနက် ၉း၁၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၂၇ လမ်းနေအိမ်မှ ကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်း(ခ) ဒေါ်ဟယ်လင်ဖေသန်း (၆၆)နှစ်

စီးပွားရေးတက္ကသိုလ်(69th Batch)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၁၂၁)နေ (သီရိပုံချီရဲမင်းကြီး ဦးဖေသန်း-ဒေါ်မြင့်မြင့်)တို့၏ သမီး၊ (ဦးသန်းဟန်-ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ (ဦးဇော်ဝင်း)၏ဇနီး၊ မခိုင်ဝင်းဇင် - ကိုအေးမောင်မောင်မြင့် (YONG NAM Engineering & Construction Pte Ltd.Singapore)၊ ကိုကျော်မြင့်ဦး-မသီတာအေး၊ မဇင်မာဝင်း-ကိုကျော်ကျော်ထက် (လဝက-နေပြည်တော်)၊ မောင်ဝေလင်းဇော်၊ မောင်ထွန်းနိုင်ဇော်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၉-၃-၂၀၁၂ရက် ည ၁၁နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၂ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၂(ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ရီ(နွားထိုးကြီး) (ဆန်၊ပဲမျိုးစုံ ရောင်းဝယ်ရေး) အသက်(၆၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးစက်အေး-ဒေါ်ဒေါ်သိန်းတို့၏ သမီးကြီး၊ နွားထိုးကြီးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဝိုင်းနေ [ဦးချိုမွေး(ကုန်စည်ပို့ဆောင်ရေး)]၏ ချစ်လှစွာသော ဇနီး၊ ဦးလှမြင့်-ဒေါ်စန်းမြင့်၊ ဦးသန်းထိုက်-ဒေါ်တင်စန်း၊ ဦးအုန်းကျော်-ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းအောင်-ဒေါ်စန်းစန်းနိုင်တို့၏ အစ်မကြီး၊ ဦးစံထူး-ဒေါ်အေးအေးမြင့်(ဆန်၊ပဲမျိုးစုံရောင်းဝယ်ရေး)၊ ဦးအောင်စိုးဝင်း-ဒေါ်ထားထားနွယ်(ကုန်စည်ပို့ဆောင်ရေး)၊ မမိုးသန္တာခိုင်(ဆန်၊ပဲမျိုးစုံရောင်းဝယ်ရေး)၊ ကိုဝေဖြိုး-မဝေဝေနှင်း(WP ဆီရောင်းဝယ်ရေး၊ မြင်းခြံ)၊ မရီရီနှင်းတို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ရီသည် ၃၀-၃-၂၀၁၂(သောကြာနေ့) နံနက် ၆း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၃၁-၃-၂၀၁၂ (စနေနေ့) ညနေ ၃ နာရီတွင် နွားထိုးကြီးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးသဇ်ာဦး (၄၅)နှစ်

(အထက-၁၊ လမ်းမတော်၊စိန်ဂွမ်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၁၃)၊ (၁၄)လမ်း၊ (ဒုတိယထပ်)နေ ဦးတင်ထွဋ်-ဒေါ်ခင်မေကြည်တို့၏ သား၊ ဦးသီလ-ဒေါ်စန္ဒာချစ်၊ ဒေါ်သိန်းမြင့်ကြည်၊ ဦးဇော်မင်း-ဒေါ်ညွန့်စန်း၊ ဦးတင်ဝင်းထွဋ်-ဒေါ်မွေးမွေးတို့၏ ညီ/မောင်/အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ ဘကြီးသည် ၂၉-၃-၂၀၁၂(ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂(စနေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa Ngul Sian Khai (ခ) မောင်ခိုင် (၃၉)နှစ်

(Saizang-Gualnam Beh)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ (၂)ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၇၂၀/က)နေ အုပ်ခဲ့တပ်ကြပ်ကြီး Pa Suan Khan Pau (ငြိမ်း-လေ)- Nu Lian Khaw Man တို့၏သား၊ တပ်ကြပ်ဦးရွှေကြိုင်(ကြည်း-လေထီး)၊ ဒေါ်ဝင်းဝင်းခိုင်တို့၏သားသမက်၊ Tg. Tual Suan Thang (Saw trading Co.,Ltd)၊ Lia Kim Deih Lun (မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြောက်ဉက္ကလာပ)၊ Lia Go Man Cing (Hei Paဆေးဆိုင်)တို့၏ ညီ/အစ်ကို၊ နော်နီလာရွှေ၏ခင်ပွန်း၊ Tg. Pau Suan Sian ၏ ချစ်လှစွာသော ဖခင်သည် ၂၉-၃-၂၀၁၂(ကြာသပတေးနေ့) ညနေ ၆း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၁၂(စနေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး မှော်ဘီသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(မင်္ဂလာဒုံ ဝါယာလက်မှ နံနက် ၁၁နာရီ၊ ဆူးလေ ဗဟန္ဓုလဘုရားရှိခိုးကျောင်းရှေ့နှင့် ယုဇနဉယျာဉ်မြို့တော် ပိတောက်ကွေ့မှတ်တိုင်တို့မှ နံနက် ၁၀နာရီတွင် ကားများ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးခင်လှိုင်(ခ)ဝီလီမောင်(မြောင်းမြ) (၉၅)နှစ်

M.P.P.E မကွေးတိုင်းရောင်းဝယ်ရေးအရာရှိ(ငြိမ်း)
မြောင်းမြရာသက်ပန်အသင်းဝင်

ရန်ကုန်မြို့၊ အမှတ်(၃)၊ တောင်ထိပ်ပန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ ဒေါ်စောခင်၏ခင်ပွန်း၊ Dr.ထွန်းထွန်း-ဒေါ်ကြည်ကြည်လှိုင်(UK)၊ ဦးဝင်းလှိုင်-ဒေါ်သန်းသန်းမြင့်၊ (ဦးသန်းလှိုင်)-ဒေါ်ခင်မမ၊ ဦးမျိုးသစ်-ဒေါ်မိမိလှိုင်၊ ဦးတင်မောင်ထွန်း(ကပရ)-ဒေါ်မေစီခင်လှိုင်၊ ဦးလင်းမောင်ဇော်-ဒေါ်ထွေးထွေးလှိုင်တို့၏ မွေးသဖခင်၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂၉-၃-၂၀၁၂(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၃)၊ တောင်ထိပ်ပန်းလမ်း၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဗိုလ်မှူးခင်မောင်လွင်(ငြိမ်း) (၈၂)နှစ်

(စစ်တီးဝိုင်း)

ကျောက်ဆည်မြို့နေ (ဦးဘလွင်-ဒေါ်ခင်ပု)တို့၏ သား၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ သပြေလမ်း၊ အမှတ်(၁၇/၃၂၆)နေ ဒေါ်တင်အုန်း၏ ခင်ပွန်း၊ မြောင်းမြမြို့နေ ဦးမြလွင်-(ဒေါ်ညို)တို့၏ ညီ၊ တိုက်ကြီးမြို့နေ ဦးစိန်လင်း-ဒေါ်အေးအေးလွင်၊ မ/ဉက္ကလာပနေ ဦးအောင်မြင့်-ဒေါ်မေစီ၊ ဦးဝင်းတင်-ဒေါ်သန်းသန်းဝင်း၊ နေပြည်တော်နေ ဒုအရာခံဗိုလ်ဝင်းမောင်-ဒေါ်အေးအေးဝင်း(တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့)၊ ဦးမြင့်ထွန်းဦး (ဟို/တယ်ခရီး)-ဒေါ်သင်းသင်းလွင်၊ ရဲအုပ်ဦးအုန်းလွင်-ဒေါ်ရင်ရင်မောင်ထွေး၊ (ဦးသက်လွင်)-ဒေါ်ခင်စမ်းယုတို့၏ ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၃၀-၃-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၂ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းမြ(ရေစကြို) (၇၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံများနယ်မြေ၊ (က-၁၃၄)၊ ခတ္တာလမ်းနေ (ဦးဘအေး-ဒေါ်အေး)တို့၏ သမီး၊ (ဦးချို-ဒေါ်မူစီ)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်)၏ဇနီး၊ ကိုမောင်ဦးသွင်-မနီနီအေး၊ (ကိုအောင်ကျော်စိုး)-မမျိုးကြည်ဖြူ ကိုအောင်ကျော်မျိုး-(မချိုမာဆွေ)တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား၊ (ဦးရွှေ-ဒေါ်အုံးကြည်)၊ (ဦးကျော်သန်း)-ဒေါ်ကြည်တို့၏ညီမ၊ (ဦးငြိမ်း)-သီရိသုဓမ္မသီဂိဒေါ်အုံးကြင်(OK ဆန်စက်နှင့် ဆန်၊ဆီရောင်းဝယ်ရေး)၊ (ဦးစိန်သောင်း)-ဒေါ်သင်းအုံ၊ ဦးစိုးတင့်-ဒေါ်ခင်သိန်းတို့၏အစ်မကြီး ဒေါ်စန်းမြသည် ၃၀-၃-၂၀၁၂(သောကြာနေ့) ညနေ ၃း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်နေ ဟာဂျီဦးထွန်းအောင်-ဟာဂျီမဒေါ်အဇီဇာတို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ ဟာဂျီကိုဒီးဘူ-ဟာဂျီမရာစမင်းတို့၏ ညီမ၊ ဟာဂျီကိုတိုးမာ(ခ)ဟာဂျီကိုဝင်းလွင်ဦး၏ ဇနီး ဟာဂျီမ ဟာနီဖာဘီဘီ(ခ) မစန်းစန်းမြင့်(ခ)မဘေတီ အသက်(၃၇)နှစ်သည် ၁၆-၃-၂၀၁၂(သောကြာနေ့) ညနေတွင် ရန်ကုန်မြို့၌ အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားချိန်မှစ၍ ၁၇-၃-၂၀၁၂ ရက်ည မန္တလေးမြို့တွင် ဒါဖွာနာပြီးချိန်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ပါသော ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် ဝမ်းနည်းအားပေးစကားပြောကြားပေးကြသော မိတ်ဆွေများအား လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ စာ၊ တယ်လီဖုန်း၊ Fax, E-mail တို့ဖြင့် ဝမ်းနည်းသတင်းပေးပို့ကြသော မိတ်ဆွေများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးတင်လှိုင်(ခ)လူကျားလျှန့် အသက်(၆၉)နှစ်

(ရွှေမိဆောက်လုပ်ရေး)
(လပွတ္တာ)

ရန်ကုန်မြို့၊ အမှတ်(၈၀)၊ (မြေညီထပ်)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးအလွယ်-ဒေါ်ကြင်ကြူ(လပွတ္တာမြို့)]တို့၏ဒုတိယသား၊ ဒေါ်ဆွေဆွေမြင့်(ခ) မစု၏ချစ်လှစွာသောခင်ပွန်း၊ ဦးစန်းမောင်(ခ)ဦးကာဖုန်-ဒေါ်လှလှ (အဏ္ဏဝါမင်း ဆားကြိတ်စက်နှင့် ဆောက်လုပ်ရေး)၊ ဦးရွှေစင်း-(ဒေါ်ကြင်ရီ)(ထိပ်တန်းဆောက်လုပ်ရေး)၊ ဦးတင်အောင်-(ဒေါ်ဝင်းဝင်းလှိုင်)တို့၏ ညီ/မောင်၊ Dr.သိန်းအောင်-ဒေါ်ခင်ကြည်ကြည်၊ ဦးမောင်မောင်စိန်-ဒေါ်နုနုဝင်း၊ Dr. စိန်ဝင်း-Dr.ခင်ခင်မြင့်တို့၏ အစ်ကို၊ မောင်အာသာထွန်း-မခင်စုစုလှိုင်၊ မောင်ဘုန်းသူယဉ်-မမေစုစုလှိုင်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး ဦးတင်လှိုင်(ရွှေမိဆေးလိပ်ခုံ) သည် ၃၀-၃-၂၀၁၂ရက် ည ၇း၀၅နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မျိုးကျော်ဦး(ခ)မိုးကျော်ဦး အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၂)လမ်း(အလယ်)၊ အမှတ်(၁၅၁)နေ (ဦးဘတင့်-ဒေါ်တင်တင်)တို့၏မြေး၊ (ဦးအေးကျော်)-ဒေါ်ခင်ပိုတို့၏သားကြီး၊ မောင်ဇော်မျိုးထက်-မအေးသီတာပို၊ မောင်ညီညီဇော်-မနန်းနန်း၊ မခိုင်ငြိမ်းသူတို့၏အစ်ကိုကြီး၊ မပိုသီရိနွေး၊ မောင်ဘုန်းပြည့်သျှံတို့၏ ဦးလေး မျိုးကျော်ဦး(ခ)မိုးကျော်ဦးသည် ၂၉-၃-၂၀၁၂ရက် ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

အဘွားဒေါ်တင်လှိုင်(ဝေါ) အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နေ (ဦးဘဖေ-ဒေါ်တော)၊ (ဦးရွှေမြ-ဒေါ်နှင်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရေကူးရွာမတောင်ပိုင်း (၉)ရပ်ကွက်၊ အမှတ်(၅၉/ခ)၊ ရွာမပတ်လမ်းနေ (ဦးရဲမြင့်)၏ဇနီး၊ ဖြူးမြို့နေ ဦးတင်မောင်-ဒေါ်တင်မြင့်၊ (ဒေါ်တင်ရွှေ)တို့၏ညီမ၊ ဦးတင်အောင်မြင့်(BKK)-ဒေါ်အေး၊ ဒေါ်ခင်ဝေမြင့်၊ ဦးသိန်းအောင်မြင့် (CANADA) - ဒေါ်မော်လီ(CANADA)၊ဒေါ်တင်ဝေမြင့်(မနော်)-ဦးသောင်းတင်၊ ဦးမျိုးမြင့်(ခ)ဦးမြင့်စိုး-ဒေါ်ခင်စောမွန်၊ ဦးစောသိန်းအေး၊ ဦးအောင်ထွဋ်-ဒေါ်နုနုထွေး၊ ဒေါ်ဆင့်ဆင့်မော်-ဦးအောင်ခိုင်ဝင်းတို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၃၀-၃-၂၀၁၂ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ဇော(ခ)ဦးထွန်းအောင်ဇံ

လ/ထ ပြည်နယ်မန်နေဂျာ
(ကုန်သွယ်လယ်ယာ-ငြိမ်း)
အသက်(၇၆)နှစ်
(စစ်တွေ)

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ အမှတ်(စက/၁၀)၊ စာကြည့်တိုက်လမ်းနေ (ဦးအောင်ကျော်-ဒေါ်စိုးဝင်း)တို့၏ သား၊ (ဦးမောင်နီ-ဒေါ်မချစ်)တို့၏ သားသမက်၊ ဒေါ်သောင်းစိန်၏ ခင်ပွန်း၊ ကိုဇော်မြင့်-မနွယ်နွယ်စိုး၊ ကိုညီညီ(မာစီးဒီးကုမ္ပဏီ)၊ ကိုလှသောင်း-မအေးအေးလှိုင်၊ မအေးအေးညွန့်တို့၏ ဖခင်၊ မောင်ရဲရင့်ကောင်းခန့်၊ မဆုဆုသဉ္ဇာ၊ မထူးသဉ္ဇာခိုင်တို့၏ အဘိုးရှင်သည် ၃၀-၃-၂၀၁၂ (သောကြာနေ့) နံနက် ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ မှန်စီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်သန်း (၉၂)နှစ်

(အောင်ပန်း)

ဦးမောင်မောင်ကျော်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်)-ဒေါ်အေးအေးသန်းတို့၏ဖခင် ဦးခင်မောင်သန်း(အောင်ပန်း) အသက်(၉၂)နှစ်သည် ၂၇-၃-၂၀၁၂ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်းမိသားစု
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်သန်း (၉၂)နှစ်

(အောင်ပန်း)

ဦးမောင်မောင်ကျော်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်)-ဒေါ်အေးအေးသန်းတို့၏ဖခင် ဦးခင်မောင်သန်း(အောင်ပန်း) အသက်(၉၂)နှစ်သည် ၂၇-၃-၂၀၁၂ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
သစ်တောဦးစီးဌာန

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ဝင်းစိန် (၈၃)နှစ်

(မလက်တို၊ မအူပင်)

ရန်ကုန်မြို့၊ အမှတ်(၃၁)၊ ဘိုးရာဇာလမ်း၊ကျောက်ကုန်းနေ (ဦးမောင်အေး)၏ ဇနီး၊ ဒေါက်တာကျော်လင်း-ဒေါက်တာခင်ဖုန်းမော်၊ (ဦးဇော်မြင့်)-ဒေါ်နီမာနွယ်၊ (ဦးအောင်မော်မြင့်)-ဒေါ်အေးအေးသန်း၊ ဒေါက်တာဝင်းဆွေ-ဒေါ်မူမူအေး၊ ဦးမင်းဇော်-ဒေါ်ခင်မြတ်မွန်၊ ဦးအောင်ကျော်ဦး-ဒေါ်ဥမ္မာအေး၊ ဦးဖုန်းသော်အေး-ဒေါ်မြတ်မြတ်အေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၃-၂၀၁၂ (သောကြာနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

ဦးလှအောင်(ချောင်းဦး၊ ပျဉ်းမနား) အသက်(၇၇)နှစ်

စက်မှု(၁)ငြိမ်း၊ (ယခင်ပျဉ်းမနားသကြားစက်၊စက်ရုံမှူး)

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ကုန်းကြီးရွာနေ (ဦးဘကျော်-ဒေါ်စိန်ဝင်း)တို့၏ သား၊ ဦးတင့်အောင်(အထပြ-ငြိမ်း)၏ ညီ၊ ဒေါ်ငွေလှိုင်၏ ဦးလေး၊ ပျဉ်းမနားမြို့၊ အမှတ်(၄၃၈)၊ (၈)လမ်း၊ ရွှေချီရပ်နေ (ဦးသန်း-ဒေါ်စန်းယဉ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဉက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁၀)လမ်း၊ အမှတ်(၁၅၆/၁)နေ ဒေါ်ညိုညိုနွဲ့(အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်သက်သက်စုအောင်(ဒုတိယမြို့နယ်တရားသူကြီး၊ ပုဇွန်တောင်မြို့နယ်တရားရုံး)၊ ဦးဝင်းမင်းထွဋ်(ခရိုင်အင်ဂျင်နီယာမှူး၊ ကျောက်ဆည်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)တို့၏ ဖခင်သည် ၂၉-၃-၂၀၁၂ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးမြင့်ခိုင်(ငြိမ်း) (၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၃)၊ ပန်းပိတောက်လမ်း၊ အမှတ်(၁၇၇)နေ (ဦးဘလှိုင်-ဒေါ်စိန်ညွန့်)တို့၏ သား၊ (ဦးစိန်အေး)-ဒေါ်အေးကြည်တို့၏ သားသမက်၊ ဒေါ်ရီလေးမြင့်၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးရန်နိုင်ထွန်း(ငြိမ်း)(ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)-ဒုတိယဗိုလ်မှူးကြီးဥမ္မာလှိုင်[ဌာနမှူး၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)]၊ ဦးသန့်ဇင်-ဒေါက်တာခင်ကြူကြူ၊ ဒေါ်နွယ်ခိုင်ခိုင်တို့၏ ဖခင်ကြီး၊ မအေးမြင့်မြတ်မိုး(ပထမနှစ်၊ YUFL)၊ မောင်အောင်ပြည့်ဖြိုးမြင့်(အထက-၂၊ မင်္ဂလာဒုံ)၊ မမြတ်သိင်္ဂီသန့်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မောင်ဟိန်းဇော်ထွန်း(အထက-၂၊ မင်္ဂလာဒုံ)၊ မောင်ရဲဇေယျထွန်း(အထက-၂၊ မင်္ဂလာဒုံ)တို့၏ အဘိုးသည် ၃၀-၃-၂၀၁၂ (သောကြာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၂(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၃)၊ ပန်းပိတောက်လမ်း၊ အမှတ်(၁၇၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးမြင့်သိန်း (၇၁)နှစ်

(ဂါးဒီးယန်းဓာတ်ပုံသတင်းထောက်-ငြိမ်း)
(ဆုကလပ်ရေကျော်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၇၃)၊ လေးလွှာနေ (ဦးအုန်းဖူး-ဒေါ်ဒေါင်း)တို့၏ သား၊ (ဦးထွန်းသာဇံ-ဒေါ်မြရှင်)တို့၏ သားသမက်၊ (ဦးမြဟန်-ဒေါ်စန်းရီ)၊ (ဦးတင်လှ-ဒေါ်ခင်စိန်)၊ (ဦးကြည်ညွန့်)-ဒေါ်ခင်ဝင်း၊ (ဦးအေးကို-ဒေါ်လှခင်)၊ ဦးအောင်မြင့်-ဒေါ်တင်တင်အောင်တို့၏ ညီ/မောင်/အစ်ကို၊ (ဒေါ်ညွန့်ညွန့်ဖြူ)၊ ဒေါ်ဘေဘီတို့၏ အစ်ကို၊ [ဒေါ်စံမေဖြူ (ခ)ဒေါ်စောယုနွယ်]၏ ခင်ပွန်း၊ ဒေါ်ယုယုသိန်း၊ (ကိုစောမြင့်)၊ ဒေါ်မာလာသိန်း (New Vision)၊ ဒေါ်စောစန္ဒာသိန်း (U.P.G Co., Ltd.)တို့၏ ဖခင်သည် ၂၉-၃-၂၀၁၂(ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်မောင်သွင် (၆၈)နှစ်

တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ရူပဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်

ကြို့ပင်ကောက်မြို့နေ (ဦးမောင်တင်-ဒေါ်အေးကြည်၊ ဒေါ်ယုခင်)တို့၏ တစ်ဦးတည်းသောသား၊ မော်လမြိုင်မြို့၊ အမှတ်(၃)၊ မြို့မတံတားလမ်းနေ (ဦးကာစန်း)-ဒေါ်စိန်ရင်တို့၏ သားသမက်၊ ဒေါ်ခင်ခင်စန်း(ပါမောက္ခ-ငြိမ်း၊ ရူပဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၏ခင်ပွန်း၊ ဒေါက်တာစိုးမိုး-ဒေါက်တာချိုချိုဝင်း(ကလေးအထူးကု၊ ဟုမ္မလင်းပြည်သူ့ဆေးရုံ)၊ ဦးစိုးပိုင်-ဒေါ်စန်းငွေရီ၊ ဦးရန်နိုင်-ဒေါ်သီတာ(ခေတ္တ-စင်ကာပူ)၊ ဦးကိုကိုနိုင်-ဒေါ်မြင့်သဲစုစံ(ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မသွန်းစန္ဒီဝင်း၊ မောင်ဟန်ဇာနည်တိုး၊ မစိုးရတီဝင်း၊ မောင်သူရစိုးပိုင်၊ မောင်ပြည့်ဖြိုးသျှန်၊ မောင်ဇွဲလုလင်နိုင်တို့၏ဘိုးဘိုး ဦးမောင်မောင်သွင်သည် ၂၉-၃-၂၀၁၂(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၂(စနေနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းအအေးတိုက်မှ ပိန္နဲကုန်းသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R/184

(31-3)19.pmd 1 3/31/2012, 4:11 AM

ကြီးအုံကြီး၀ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပ

ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ပြီး မြေဧက ၉၆၀၀၀ ကျော်ကို ဆည်ရေဖြည့် ထောက်ကူနိုင်မည်

နေပြည်တော် မတ် ၃၀

မကွေးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် မကွေးမြို့မှ ထွက်ခွာလာရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပရာသို့ ရောက်ရှိသည်။

အခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါ ရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ဦးအေးမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးကျော်လွင်၊ ဦးအောင်သန်းဦး၊ ဦးဘရွှေ ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအကအဖွဲ့၊ ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အကအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ပွင့်ဖြူ စေတုတ္တရာ၊ မင်းဘူး၊ စလင်းနှင့် မကွေးမြို့နယ်များမှ ဒေသခံပြည်သူလူထုအင်အား ၄၀၀၀ ကျော် တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကြီးအုံကြီး၀ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်အမှတ်(၂)ကို စက်ခလုတ်နှိပ် မောင်းနှင်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့သည် ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် စတင်ဖွင့်လှစ်သည့်နေ့ဖြစ်သကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရသစ်၏ သက်တမ်းကာလတစ်နှစ်ပြည့်မြောက်သော နှစ်ပတ်လည်နေ့နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် ဒေသခံပြည်သူများအတွက်ရော၊ နိုင်ငံတော်အတွက်ပါ ထူးခြားမွန်မြတ်ပြီး ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံသည့် နေ့ထူးနေ့မြတ် ရက်တစ်ရက်ဖြစ်ပါကြောင်း။

၎င်းကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းကြီးကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မုန်းချောင်း၏ ရေအင်အားကို အခြေခံထားခြင်းဖြစ်ပါကြောင်း၊ ရေလှောင်တမံ၏ အလျားသည် ပေ ၃၂၈၀၊ အမြင့် ၁၆၄ ပေ၊ ကန်ရေအပြည့်ရေလှောင်ပမာဏ ၄၆၃၀၀၀ ဧကပေရေထုနှင့် လယ်မြေဧကစုစုပေါင်း ၉၆၀၀၀ ကို ပေးသွင်းဖြန့်ဝေပေးနိုင်မည်ဖြစ်သည့်အပြင် **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

၂၀၁၅ အာဆီယံပေါင်းစည်းဒေသ ပေါ်ပေါက်လာချိန်တွင် အသက်မွေးဝမ်းကျောင်းပညာရှင်များ လွတ်လပ်စွာ စီးဝင်လာမည်

မိမိတို့ကျောင်းသား ကျောင်းသူများသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆေးပညာရှင်များအဖြစ် အဆင်သင့်ဖြစ်နေစေရန် သင်ကြားပေး

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မကွေးမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ဦးဆောင်သည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယသမ္မတက ဆေးတက္ကသိုလ် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရူပဗေဒလက်တွေ့ခန်း၊ ဓာတုဗေဒဌာန၊ ခန္ဓာဗေဒလက်တွေ့ခွဲစိတ်ခန်း၊ ဘွဲ့လွန်သုတေသနခွဲစိတ်ခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မကွေးဆေးတက္ကသိုလ် စုဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့❑

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မကွေးဆေးတက္ကသိုလ် ကွန်ပျူတာခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(31-3)20.pmd 1 3/31/2012, 4:11 AM